တပေါ်စ ဇတ် မင်္ဂလ မုတ္တမံ၊ မြိုးမြိုဗွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၁၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ၂၀၀၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်သူ မစ္စတာလီရှန်းလွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

သင်ထောက်ကူပစ္စည်းများ ထိထိရောက်ရောက်သုံးစွဲပြီး ပညာတတ်လူရည်မွန်များမွေးထုတ် ထက်မြက်သောလူ့အရင်းအမြစ်သည် နိုင်ငံတော်၏တန်ဖိုးမဖြတ်နိုင်သောအဓိကအရင်းအမြစ်ဖြစ် လူ့အရင်းအမြစ်နှင့်သယံဇာတအရင်းအမြစ်ပေါင်းစပ်ပြီး ခေတ်မီနိုင်ငံတော်တည်ဆောက်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲတက်ရောက်

မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ အလှူရှင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ အေရိုးဗစ်အကအဖွဲ့မှ ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များအား ကျောင်းသား ကျောင်းသူများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်လျက် မြန်မာ့ကျောင်းသီချင်းကို သီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ ပထမပိုင်းကို ကျောင်းရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောသန်းချစ်မောင်တို့က မာလ်တီမီဒီယာ စာသင်ခန်းများအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) **စာမျက်နှာ ၈ ကော်လံ ၁ ✻**

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် မာလ်တီမီဒီယာစာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အတွက် ပညာတတ်များမွေးထုတ်

- **အီလက်ထရွန်နစ်သင်ကြားမှုအထောက်အကူပစ္စည်းများ၊ ကွန်ပျူတာများကို ဆရာ ဆရာမများရော ကျောင်းသားကျောင်းသူများပါ ထိထိရောက်ရောက်သုံးစွဲ။**
- **ကျောင်းသား ကျောင်းသူများကလည်း ဖိဖိစီးစီးကြိုးစား၊ မိဘပြည်သူများကလည်း ဝိုင်းဝန်းထောက်ပံ့စောင့်ရှောက်၊ ဆရာ ဆရာမများကလည်း ပညာတတ်မြောက်အောင်၊ ဘဝကိုရင်ဆိုင်ရပ်တည်နိုင်အောင် သွန်သင်ဆုံးမ။**
- **ဤသို့ ညီညီညွတ်ညွတ်ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်နိုင်မည်ဆိုလျှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းဘဝ တိုးတက်ရေးသာမက နိုင်ငံတော်အတွက်လိုအပ်သော ပညာတတ်လူရည်မွန်များ မွေးထုတ်ရေးလုပ်ငန်း အောင်မြင်မည်။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

အာဆီယံအဖွဲ့အတွင်း ခိုင်မာတောင့်တင်းရေး မြန်မာ–ကမ္ဘောဒီးယား လက်တွဲဆောင်ရွက်သွားမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဖြစ်စေ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ရာဘာသာအရဖြစ်စေ တူညီမှုရှိကြသည့်နိုင်ငံများ ဖြစ်ကြသည်။

ထို့အပြင် မြန်မာနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား အစဉ်အလာချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်တည်ဆောက်ရင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့မှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်အား ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

"ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် အာဆီယံအဖွဲ့သို့ နောက်ပိုင်းမှသာ အဖွဲ့ဝင်များဖြစ်လာကြသဖြင့် ဖွံ့ဖြိုးမှုအပိုင်း၌ အဖွဲ့ဝင်နိုင်ငံဟောင်းများကို အမီလိုက်နိုင်ရန် ကြိုးစားရဦးမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ (CLMV) နိုင်ငံတို့သည် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အချင်းချင်း နီးနီးကပ်ကပ် ထိထိရောက်ရောက် ညှိနှိုင်း ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း"

ဆွေးနွေးပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်ကလည်း–

"ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက အဆွေတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကိုလိုနီနိုင်ငံများဘဝမှ ရုန်းကန်ထွက်လာခဲ့ရသော နိုင်ငံများဖြစ်ကြကြောင်း၊ နိုင်ငံအလိုက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ကြိုးစားရာ၌ နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ ဒေသတွင်းနိုင်ငံများနှင့်အကျုံးဝင်သည့် အကျိုးတူကိစ္စများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း"

ပြောကြားသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ဖနောင်ပင်မြို့ရှိ ဝန်ကြီးများရုံး အစည်းအဝေးခန်းမ၌ကျင်းပသော နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ညှိနှိုင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က–

"အာဆီယံအဖွဲ့ ခိုင်မာစွာပေါင်းစည်းဖြစ်ပေါ်ရေး(ASEAN Integration)နှင့်စပ်လျဉ်း၍ အားထည့် လုပ်ကိုင်ဆောင်ရွက်နိုင်သည်များကို မိမိတို့နှစ်နိုင်ငံ ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အာရှ–ဥရောပထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူပါဝင်နိုင်ရေးကို အခိုင်အမာရပ်တည်ထားကြောင်း"

ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

"နှစ်နိုင်ငံအကြား ဖြစ်ထွန်းလျက်ရှိသော ဆက်ဆံရေးနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးများအပေါ် ကျေနပ်အားရကြောင်း၊ ယနေ့ ဆွေးနွေးရမှုများသည် ရင်းနှီးမှုရှိပြီး နှစ်နိုင်ငံလုံးအတွက် အကျိုးရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို နားလည်မှုရှိစွာ ထောက်ခံအားပေးမှုပြုသည့်အတွက်လည်း မိမိတို့ တန်ဖိုးထား ကျေးဇူးတင်ပါကြောင်း"

ရှင်းလင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် ဒေသအတွင်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအဖွဲ့အတွင်း ခိုင်မာတောင့်တင်းရေးအတွက် အခြားအာဆီယံနိုင်ငံများနှင့်အတူ မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ လက်တွဲပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄–၈–၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ရှေးအတိတ်ကံစွမ်းကြောင့်ဖြစ်ပေါ်လာ"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၄း၅၀ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Statistical Theory Moments and Generation Functions (ဒုတိယနှစ်–စီးပွားရေးအထူးပြု)
၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၁၆)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ English Premier League ဘောလုံးပွဲ Middlesbrough Vs Newcastle United.

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များအောင်မြင်ရေး အမျိုးသမီးများဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ တက်ရောက်၍ ဟောပြောသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက် (၇)ရပ်၊ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် မြန်မာအမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံအေးချမ်းရေးတို့အတွက် လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေမှုလုပ်ငန်းများအကြောင်းကို ကဏ္ဍအလိုက် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး "အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အမျိုးသမီးများဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဟောပြောဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်ထူးရော်က အသင်းဝင်လျှောက်လွှာတင်သွင်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ကျန်းမာရေးဝန်ကြီးဌာန မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်နှစ်သိန်းကို ဝန်ကြီး၏ဇနီးဒေါ်နီလာသော်ကပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သိမ်ကြီးဈေးအေရုံ၊ ဘီရုံ ဈေးသူဈေးသားများ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်များလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့ သိမ်ကြီးဈေးအေရုံ၊ ဘီရုံ ဈေးသူဈေးသားများ၏ (၂၂) ကြိမ်မြောက် ရွှေစင်ရွှေပြားသင်္ကန်း၊ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုး လှူဒါန်းပွဲကိုဩဂုတ် ၈ ရက်က ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင် ဆီမီးကိုးထောင် ဓမ္မာရုံ၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင် ဦးတင်အေး၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့် ဓမ္မမိတ်ဆွေ အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

လှူဒါန်း

အခမ်းအနားသို့ ကျိုက်ထီးရိုးရင်ပြင်တော် ကျောင်းနာယက ဆရာတော် ဦးနန္ဒိယ၊ ကျောင်းထိုင် ဆရာတော် ဦးရေဝတနှင့် တောင်တော်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်းတို့မှ ပင့်သံဃာ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကာ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်က လှူဒါန်းရခြင်းကို ရှင်းလင်းလျှောက်ထားပြီး ရွှေစင်ရွှေပြားအတွက် အလှူတော်ငွေကျပ်၁၇၃၀၀၀ကိုဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။ ပညာရေးဒါန အလှူအဖြစ် ဗလာစာအုပ်ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၁၂၀၊ ပေတံ ၁၃ ဒါဇင်နှင့် ငွေသားအလှူ စုစုပေါင်းတန်ဖိုးကျပ် ၁၈၀၅၀၀ ကို ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမြင့်က ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်

အလားတူ ကျိုက်ထီးရိုးစေတီတောင်တော်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်းသို့ ဈေးသူ ဈေးသားများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆား၊ ဆေး၊ ငရုတ်၊ ကြက်သွန် အစရှိသည့်လှူဖွယ်ပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၇၀ ကျော်ဖိုး ဆက်ကပ်လှူဒါန်းကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်ကြောင်း သိရသည်။

(၂၅၉)

ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုဖြင့် မျိုးဆက်ပွား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၉ ရက်က မိုးဦးပန်း ကျောင်းခန်းမဆောင်တွင် ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာ ခေါ်ခင်သက်မြိုင်က မျိုးဆက်ပွား ကျန်းမာရေး အကြောင်း သိကောင်းစရာများ ဟောပြောစဉ်။ (က–ပ)

ကိုးပါးသီလတရားတော် ဟောကြားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၃

၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့ ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်မြို့ ဃောသိတာရာမ တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသကနဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား မနက်ပိုင်းအစီအစဉ်များအပြီးတွင်ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

★ **ကျောဖုံးမှ**

ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်သောင်းကစက်ရုံတည်ဆောက်နေမှုအခြေအနေ၊ စီမံကိန်းလုပ်ငန်းကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ စက်ရုံဝန်ထမ်းအင်အား နှင့် စီမံကိန်းဆိုင်ရာအတတ်ပညာရှင်များ အင်အားအခြေအနေ၊ စက်ရုံတွင် တပ်ဆင်မည့် စက်ပစ္စည်းများ ရောက်ရှိမှု၊ ၂၀၀၄ခုနှစ် မကုန်မီ စက်ရုံမှလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၆၀ ထုတ်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ရုံ စီမံကိန်းလုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် အထူးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများလေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းသည် နိုင်ငံတော်၏စီးပွားရေးကိုအထောက်အကူပြုသည့်လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်စွမ်းပေးမည့်စီမံကိန်းလုပ်ငန်းဖြစ်သည်နှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျကြပ်မတ်၍ ဝန်ထမ်းအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံသို့ တစ်ရက်လျှင် တန် ၁၇၆၀ကျပေးသွင်းသွားမည့် စက်ရုံမှ ၁၃သမ ၂မိုင် ကွာဝေးသည့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်မှုလုပ်ကွက်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှမ်းရိုးမနဂါးကုမ္ပဏီမှ စီမံကိန်း ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်စိုးက ကျောက်မီးသွေးတူးဖော်မည့်စက်ယန္တရားများ ရောက်ရှိမှုနှင့် လုပ်ကွက်မှစက်ရုံသို့ ကျောက်မီးသွေးများပေးပို့မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းလိုအပ်ချက်များကို မှာကြား၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ်၁၂ရက် မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့အဝင်၌ စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် ရွှေရင်အေးစပါးစမ်းသပ်စိုက်ခင်းသို့ရောက်ရှိရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှ၊ ဟိုပုံးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတိုးအောင်က စိုက်ပျိုးဆောင်ရွက်နေသည့် လယ်မြေဧက၊ စိုက်ပျိုးပုံနည်းစနစ်၊ ဓာတ်မြေဩဇာ သုံးစွဲမှုအခြေအနေ၊ စပါးအထွက်နှုန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တစ်ဧကလျှင် ပျိုးပင် ၁၇၀၀၀၀ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများအား နည်းပညာဖြန့်ဝေကြီးကြပ်ဆောင်ရွက်ရေး၊ တိုက်ရိုက်အစေ့ချစိုက်ပျိုးနည်းကို စနစ်တကျဆောင်ရွက်ရေး၊ ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း သီလပေးတရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်လုံးဆိုင်ရာ သာသနဟိတကာရီဓမ္မာရုံ၌ နံနက် ၉ နာရီတွင်လည်းကောင်း၊ သိမ်ဖြူ မီးရထားရပ်ကွက် သာသနဟိတဓမ္မာရုံ၌ နံနက် ၁၀နာရီတွင် ဘဒ္ဒန္တ ကုဒ္ဒိဓဇ (ပခုက္ကူ–သဲတော) ဗုဒ္ဓသာသနာပြု နယ်လှည့်ဓမ္မကထိက၏ သီလပေးတရားများ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ဝန်ကြီးဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ထံမှ ၂၀၀၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်သူ ဗိုလ်မှူးချုပ် ဂျော့ယောင်ဘွန်းရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၄)ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဩဂုတ် ၁၃

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

(ဓါပုံ)

ထီလာစစ်သူ၊ နယဉ်၊ မင်းယုဝေ၊ မြင့်းမူ မောင်နိုင်မိုး၊ ကို (တက္ကသိုလ်)၊ နောင်၊ရန်နိုင်ဦး၊ ကြူကြူသင်း၊ ပုဏ္ဏဝတီတင့်နှောင်း၊ စလင်းဘုန်းကျော်၊ သျှားထက်နိုင်(ဘူမိဗေဒ)၊ ဇာနည်၊ သလ္လာခင်လေးတို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူဦးအုန်းဖေ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ ခင်ဆွေမြင့် (မြန်မာစာ)၊ မောင်ခင်မင်(ဓနုဖြူ)၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာဖေညာဏ်၊ သန်းဝင်းရှိန်၊ လယ်တွင်းသားစောချစ်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဆရာဓမ္မပါလ၊ မော်ဝန်းကြည်မြတ်၊ စာကြည့်တိုက် ခင်မောင်၊ မိုးထက်မောင်မောင်၊ မောင်မွန်မြတ်(ဆူးလေ)၊နီငြိမ်း (အညာတက္ကသိုလ်)၊ တင်ဝင်း(ကသာ)၊ ရွှေရိုး (မန္တလေး)၊ ဆလိုင်းလိန်းကြယ်ပျံ၊ မှူးစိုး၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ ယုဝတီခင်ဦး၊ ခင်ကြူကြူတင်၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မောင်ဆန္ဒ(လယ်ဝေး)၊လွင်သက်မောင်၊ ခိုင်နန်းစံ၊ မန္တယ်(ကလော)၊ ဇာနည်ဟိန်း(သီပေါ)၊ မြခြူးအိမ်၊ ဖျာပုံလှမိုးနွယ်၊ ညိုအံ့တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောလေ့ပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကာတွန်း၊ ပုံပြင်၊ ဟာသကဏ္ဍ စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေ ဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ကလော၊တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေး တက်ရောက်ရန် ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် 10 th Meeting of AMEICC Working Group on Human Resource Development အစည်းအဝေးသို့ တက်ရောက်ရန် ဩဂုတ် ၁၀ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဩဂုတ် ၁၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်ထူထပ်ခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ်၁၄ရက် ညနေအထိ ခန့်မှန်းချက်အရ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဩဂုတ် ၁၀ရက်က သုဝဏ္ဏအထကကျောင်း၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ကျောင်းမိဘဆရာအသင်းရန်ပုံငွေအတွက် အလှူရှင် အရှေ့ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့် (ပွင့်ဖြူစားသောက်ဆိုင်)က အလှူငွေကျပ် ၅၀၀၀၀ ကို လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းက လက်ခံယူစဉ်။ (၄၀၀)

အီရတ်မြို့ကြီးများ၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွား လူ ၁၆၅ဦး သေဆုံးပြီး ၆၀၀ခန့် ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၂

လွန်ခဲ့သည့် ၂၄နာရီအတွင်း အီရတ်မြို့ကြီးများတွင် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် လူ ၁၆၅ဦးထက်မနည်း သေဆုံးပြီး ၆၀၀ခန့် ဒဏ်ရာရခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

သေဆုံးသူများ မည်သူမည်ဝါ ဖြစ်သည်ဆိုခြင်းကို မိမိမသိရှိကြောင်း၊ အများစုမှာ အရပ်သားများဖြစ်ဖို့ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရင်ဆိုင်နေရ

အဆိုပါ သေဆုံးသူများ အရေအတွက်တွင် လွန်ခဲ့သည့် ကြာသပတေးနေ့မှစပြီး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သော နာဂျက်ဖ်မြို့၌ နိုင်ငံခြားတပ်ဖွဲ့များအတွင်း သေဆုံးခဲ့သည့် အရေအတွက် မပါဝင်ဟုဆိုသည်။

ဘဂ္ဂဒက်အရှေ့တောင်ဘက်ရှိ အမ်မာရာမြို့တွင် တိုက်ပွဲအချို့ဖြစ်ပွားခဲ့ရာ လူ ၁၅ဦး သေဆုံးပြီး ၇၈ဦး ဒဏ်ရာရခဲ့သည်။ တိုက်ပွဲများသည် ဘဂ္ဂဒက်၊ ကွတ်၊ ဒီဝါနီယာနှင့် ဘာဆာရာမြို့များ၌လည်း ဖြစ်ပွားခဲ့ပြီး လူများ သေဆုံး သို့မဟုတ် ဒဏ်ရာရခဲ့သည်။

အင်တာနက်၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

သေနတ်ဖြင့်ချိန်ရွယ်

နာဂျက်ဖ်မြို့တွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းလာသော အီရတ်တို့အား အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ချိန်ရွယ် ရပ်တန့်ခိုင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဩဂုတ် ၁၂ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၂၉ ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ်၁၂ရက် ကြာသပတေးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၂၉ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

သေဆုံး

ယင်းအနက် ၆၉၁ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၃၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၃ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၉၁ဖြစ်ပြီး ယင်းအနက် ၅၈၂ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၉ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ရှေ့လအတွင်း ၁၀၀၀ ကျော်သွားဖွယ်ရှိ

ဝါရှင်တန် ဩဂုတ် ၁၂

အမေရိကန် ပြည်ထောင်စုသည် ရှေ့လထဲ၌ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ကျော်ကောင်း ကျော်သွားမည့်အလားအလာနှင့် ကြုံနေရသည်ဟု နယူးယောက်စီးတီးရှိဘာရချ်ကောလိပ်မှ နိုင်ငံရေးသိပ္ပံပညာရှင် ဒေးဗစ်ဘာ့ဒ်ဆဲလ်က ပြောကြားလိုက်သည်။

ထို့ပြင် အီရတ်ကိစ္စ အဓိကဖြစ်သည့် သမ္မတမဲဆွယ်စည်းရုံးရေးနှင့် ရင်ဆိုင်နေရသော သမ္မတဂျော့ဒဗလျူဘုရှ်အဖို့လည်း ထိုကာလသည် အရေးကြီးသော ကာလဖြစ်မည်ဟု ဆိုသည်။

ပြောင်းလဲ

ကံအကြောင်းမလှစွာ ထိုနေ့ရက်သည် ရှေ့လထဲ၌ ရောက်လာတော့မည်ဖြစ်ပြီး အီရတ်၌ မိမိတို့လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ လူအများ၏ ရှုမြင်သုံးသပ်ချက်များကို ပြောင်းလဲသွားစေဖွယ်ရှိသော အခရာကျသည့် အဖြစ်အပျက်ဖြစ်လာမည်ဟုလည်း ဒေးဗစ်ဘာ့ဒ်ဆဲလ်က ပြောကြားသည်။

ဝမ်းနည်း

ထိုသေဆုံးသော အရေအတွက်သည် များပြားသော ဝမ်းနည်းစရာကောင်းသော အရေအတွက်ဖြစ်ပြီး စစ်ပွဲဆင်နွှဲဖို့အတွက် ဘုရှ်၏အကြောင်းပြချက်များ တစ်ကျော့ပြန်ရန် အခရာကျသော သေဆုံးအရေအတွက်ဖြစ်မည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ရှာဖွေစစ်ဆေး

နာဂျက်ဖ်မြို့တွင် အီရတ်တစ်ဦးကို ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များအား ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထရပ်ကားယာဉ်မောင်းဖိလစ်ပိုင်များအား အီရတ်သို့ နယ်စပ်ဖြတ်သန်းခွင့် ကူဝိတ်ပိတ်ပင်

မနီလာ ဩဂုတ် ၉

ဖိလစ်ပိုင်အလုပ်သမားများအား နယ်စပ်ဖြတ်ခွင့်မပေးရန် ဖိလစ်ပိုင်အစိုးရ၏ တောင်းဆိုချက်အတိုင်း ဆော်ဒီအာရေဗျနိုင်ငံက ဖိလစ်ပိုင်အလုပ်သမားများအား နယ်စပ်ဖြတ်သန်းခွင့်ကို ပိတ်ပင်ခဲ့ပြီးနောက် ကူဝိတ်နိုင်ငံကလည်း ပိတ်ပင်တားမြစ်လိုက်သည်ဟု နိုင်ငံခြားရေးဌာန သံတမန်များက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်သည် ကူဝိတ်-အီရတ်နယ်စပ်ရှိ အက်ဗ်ဒါလီ စစ်ဆေးရေးစခန်း၌ ဖိလစ်ပိုင်လူမျိုးများအား နယ်စပ်ဖြတ်မှုကို တင်းကျပ်သွားမည်ဟု သံတမန်များက ပြောကြားသည်။

ဓားစာခံဖမ်းဆီးမှုတွင် ထရပ်ကားယာဉ်မောင်း ဖိလစ်ပိုင်ပါဝင်ဖမ်းဆီးခံခဲ့ရပြီးနောက် အီရတ်နိုင်ငံထဲသို့ ထရပ်ကားယာဉ်မောင်း ဖိလစ်ပိုင်များ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်းကို ရပ်တန့်ရန် ဆော်ဒီအာရေဗျနိုင်ငံက လွန်ခဲ့သည့်လ၌ ကတိပေးခဲ့သည်။

ဓားစာခံဖမ်းဆီးမှုအရေးအခင်းကြောင့် ထရပ် ကားယာဉ်မောင်း ဖိလစ်ပိုင်လူမျိုးအား ဖမ်းဆီးထားသူများ၏ တောင်းဆိုချက်အတိုင်း အီရတ်မှနေ၍ ဖိလစ်ပိုင် တပ်ဖွဲ့များကို ရုပ်သိမ်းခဲ့ရာ ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ သံတမန် ဆက်ဆံရေး အကျပ်ရိုက်ခဲ့ရသည်။

အရှေ့အလယ်ပိုင်း၌ အလုပ်လုပ်နေသော ဖိလစ်ပိုင်လူမျိုး ၁ ဒသမ ၅ သန်းရှိပြီး ယင်းအနက် ၄၀၀၀မှာအီရတ်၌ ရှိသည်ဟု သိရသည်။ **အင်တာနက်၊ဆင်ဟွာ**

ဘာကူဘာအနီး၌ ဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံး၊ ၁၀ဦး ဒဏ်ရာရ

ဘာကူဘာ ဩဂုတ် ၁၂

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ၄၀ ကီလိုမီတာအကွာအဝေးရှိ ဘာကူဘာမြို့အနီး စစ်ဗာနီဆာ့ဗ်ရွာမှ ဈေးတစ်နေရာတွင် ဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကြိုးပမ်း

လက်နက်ကိုင် တပ်ဖွဲ့များသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား အီရတ်နိုင်ငံအတွင်းမှ တိုက်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

အမေရိကန်တို့ အားပေးထားသော အီရတ်ကြားဖြတ်အစိုးရအနေဖြင့် တည်ငြိမ်မှု မရရှိသေးဘဲရှိသည်။ ယာယီဝန်ကြီးချုပ် အီယတ်အာလာဝီက နိုင်ငံတစ်ဝန်း အထူးသဖြင့် ဘဂ္ဂဒက်မြို့အနောက်ဘက်နှင့် မြောက်ဘက်ဒေသများတွင် လက်နက်ကိုင်များအား တိုက်ခိုက်နှိမ်နင်းလျက်ရှိသည်။

ပြင်းထန်

အီရတ်နိုင်ငံရှိ ဘဂ္ဂဒက်၊ ကယ်ကွတ်၊ ဒီဝါနီယာနှင့် ဘာဆာရာမြို့များ၌လည်း တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး လူများသေဆုံးမှုများနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

(စီစီတီဗွီ)

ဘဂ္ဂဒက်၌ အစိုးရအဆောက်အအုံများအား ခုခံတိုက်ခိုက်ရေးသမားတို့ စိန်ပြောင်းများဖြင့် ပစ်ခတ်

ဘဂ္ဂဒက် ဩဂုတ် ၁၀

ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ညဘက်တွင် အမြောက်ကျည်များ ပြတ်တောင်းပြတ်တောင်း ကျရောက်ပေါက်ကွဲခဲ့ပြီးနောက် တနင်္လာနေ့တွင် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ရေနံဝန်ကြီးဌာနနှင့် အခြားအစိုးရဌာနများအား စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

စိန်ပြောင်းကျည် အများစုသည် အမေရိကန်တပ်ဖွဲ့အား တိုက်ခိုက်နေသော မီဒီပြောက်ကျားအဖွဲ့များ၏ အခိုင်အမာဒေသဖြစ်သော ဆာဒါစီးတီးနှင့် မျက်နှာချင်းဆိုင်ရှိ မြို့အရှေ့ဘက်ခြမ်းမှ ရေနံရုံးဌာနဝင်းထဲသို့ ကျရောက်ခဲ့သည်။ အနီးရှိ ရေအရင်း အမြစ် ဝန်ကြီးဌာနဝင်းအတွင်းသို့လည်း စိန်ပြောင်းကျည်အချို့ ကျရောက်ပေါက်ကွဲသည်ဟု ဆိုသည်။

စနေနေ့က ဖြစ်ပွားခဲ့သော ယင်းတိုက်ခိုက်မှုတွင် ထိခိုက်သေဆုံးသည့် သတင်းချက်ချင်းမရဟု ဆိုသည်။ စိန်ပြောင်းကျည်ခုနစ်ခု ရေနံဝန်ကြီးဌာနကို ထိမှန်ခဲ့ရာ အစောင့်တစ်ဦး ဒဏ်ရာရခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

လေကြောင်းကယ်ဆယ်ရေး တရုတ်ပြည် စတင်ဆောင်ရွက်

ဖန်ကျန် ဩဂုတ် ၁၀

တရုတ် ဆက်သွယ်ရေးဝန်ကြီးဌာနသည် တောင်တရုတ်ပင်လယ်၌ လေကြောင်းမှ ကယ်ဆယ်ရေးလုပ်ငန်းများကို တနင်္ဂနွေနေ့က တရားဝင် စတင်ဆောင်ရွက်လိုက်သည်။

ဝန်ကြီးဌာနသည် တရုတ်ပြည်တောင်ပိုင်း ကွမ်တုန်ပြည်နယ်ရှိ ဖန်ကျန်မြို့တွင် လေကြောင်းကယ်ဆယ်ရေးလုပ်ငန်း စတင်ဆောင်ရွက်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

တရုတ်ပြည်တွင် လေကြောင်းကယ်ဆယ်ရေးလုပ်ငန်းများ ထူထောင်မှုသည် တရုတ်ပြည်၏ မြောက်ပင်လယ် အရှေ့ပင်လယ်နှင့် တောင်ပင်လယ်တို့တွင် ရေကြောင်းနှင့် လေကြောင်း ကယ်ဆယ်ရေးစနစ်များကို ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ပြောက်ကျားများ

ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်ရန် လက်နက်များ သယ်ဆောင်လာသော အီရတ်ပြောက်ကျားများအား ဩဂုတ်၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဗြိတိသျှတပ်ဖွဲ့ဝင်များ အကျဉ်းသားများအပေါ်ပြုမူဆက်ဆံပုံ ဂျီနီဗာကွန်ဗင်းရှင်းပါအချက်များကို ချိုးဖောက်ခြင်းဖြစ်

ကိုပင်ဟေဂင် ဩဂုတ် ၁၀

အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရာတွင် အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ဂျီနီဗာကွန်ဗင်းရှင်းအား ချိုးဖောက်ခြင်းဖြစ်ကြောင်း ဒိန်းမတ်ဗိုလ်မှူးကြီး ဟင်ရစ်ဖလက်ချ်က ပြောကြားလိုက်သည်။

ဖလက်ချ်သည် ဘာဆာရာဝန်းကျင်ဒေသ၌ ဗြိတိသျှတပ်များ၏ ထိန်းချုပ်မှုအောက်တွင် အမှုထမ်းနေသော ဒိန်းမတ်တပ်ဖွဲ့ဝင် ၅၀၀ ၏ ဦးစီးခေါင်းဆောင်ဖြစ်ပြီး ဒိန်းမတ်တပ်ဖွဲ့ဝင်များလက်တွင်းရှိ အီရတ်အကျဉ်းသားများအား ကောင်းစွာမဆက်ဆံမှုဖြင့် လွန်ခဲ့သည့်အပတ်၌ ၎င်း၏နေရာအား အစားထိုးခြင်းခံခဲ့ရသည်။

ပြောကြား

ဗြိတိသျှတပ်ဖွဲ့ဝင်တို့၏ စစ်မေးသည့်နည်းလမ်းသည် ကင့်မ်အီဒင်ထက်ပိုဆိုးကြောင်း၊ ကင့်မ်အီဒင်သည် အယ်လ်ကာနာ၌ ဒိန်းမတ်တပ်ဖွဲ့အခြေစိုက်ရာဖြစ်ပြီး ထိုကင့်မ်အီဒင်၌ အီရတ်လူမျိုးများအပေါ် ကောင်းစွာပြုမူဆက်ဆံခဲ့ခြင်းမရှိကြောင်း ဒိန်းမတ် စကားပြန်တစ်ဦးနှင့် လွတ်လာသောအကျဉ်းသားများက ပြောကြားသည်။

မကိုက်ညီ

ဗြိတိသျှတပ်ဖွဲ့ဝင်များက ၎င်းတို့၏ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် မကိုက်ညီကြောင်း ဒိန်းမတ်ဗိုလ်မှူးကြီးဖလက်ချ်က အင်ဒီပင်းဒင့်အင်ဖော်မေးရှင်း သတင်းစာသို့ ပြောကြားသည်။ **(အင်တာနက်)**

ပိုလန်တပ်ဖွဲ့ဝင်များ အီရတ်တွင် အမြဲမနေ

ပိုလန်ဝန်ကြီးချုပ်က ဘုရှ်အား ပြောကြား

ဝါရှင်တန် ဩဂုတ် ၁၀

ပိုလန်တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်တွင် အစဉ်အမြဲနေမည်မဟုတ်ကြောင်း ပိုလန်ဝန်ကြီးချုပ် မာရက်ခ်ဘဲလ်ကာက သမ္မတ ဂျော့ဒဗလျူဘုရှ်အား တနင်္လာနေ့၌ ပြောကြားပြီးနောက် အီရတ်၌ လက်ရှိ ရှိနေသော ပိုလန်တပ်ဖွဲ့ဝင်များအား လျှော့ချနိုင်မည့်အခြေအနေကို ပိုလန်ဝန်ကြီးချုပ်နှင့် အမေရိကန် သမ္မတတို့ ဆွေးနွေးခဲ့ကြသည်။

အီရတ်နိုင်ငံ တောင်အလယ်ပိုင်းတွင်ရှိသော နိုင်ငံစုံတပ်ဖွဲ့အင်အား ၈၀၀၀ ကို ပိုလန်နိုင်ငံက ဦးစီးဦးဆောင်ပြုထားရာတွင် ပိုလန်တပ်ဖွဲ့ဝင်အင်အား ၂၅၀၀ မျှရှိသည်။

လွှဲပြောင်းပေး

ထိုသို့ ဘုရှ်နှင့် ဘဲလ်ကာတို့ ဆွေးနွေးကြသော်လည်း ပင်တဂွန်အရာရှိများက နာဂျက်ဖ်မြို့ လုံခြုံရေးအခြေအနေ ပိုဆိုးလာမှုကြောင့် နာဂျက်ဖ်နှင့် ကာဒီဆီယာပြည်နယ်များအား အုပ်ချုပ်ထိန်းကွပ်မှုကို ပိုလန်က အမေရိကန် မရိန်းတပ်များသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။

မဆွေးနွေး

ပိုလန်ဝန်ကြီးချုပ် ဘဲလ်ကာနှင့် သမ္မတဘုရှ်တို့ ဆွေးနွေးရာတွင် ဘဲလ်ကာက မိမိနှင့် ဘုရှ်တို့ ပိုလန်တပ်ဖွဲ့ဝင်များအရေးအတွက်နှင့် ရုပ်သိမ်းမည့်ရက်ကို မဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

မိမိတို့ဆွေးနွေးကြသည်မှာ အီရတ်အခြေအနေ မည်သို့ တိုးတက်မည်နှင့် နိုင်ငံရေးလုပ်ငန်းစဉ် မည်သို့ ဆက်သွားမည်ဆိုသော နည်းလမ်းများဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘာကူဘာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အနောက်ဘက်၌ ဗုံးပေါက်ကွဲ အီရတ်လေးဦးထက်မနည်း သေဆုံး

ခါလီဒီယာ ဩဂုတ် ၁၀

ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် အရပ်ဘက် ဘတ်စ်ကားတစ်စီး တနင်္လာနေ့က ဗုံးပေါက်မှုကြောင့် အီရတ်လေးဦးထက်မနည်း သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက် ၃၂ မိုင်အကွာရှိ ဖော်လူဂျာမြို့အနီးတွင်ရှိသော ခါလီဒီယာကျေးရွာရှိ လမ်းမကြီးတစ်ခုပေါ်တွင် ကားအတွင်း၌ ဖြစ်နိုင်ဖွယ်ရှိသော ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရိုက်တာသတင်းဌာနက ပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းထားသော ကားနှင့် ယင်း၏အနီး၌ သေဆုံးနေသူများကို ရိုက်ကူးပြသခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မီဟာမာဓာတ်အားစက်ရုံရှိ ဓာတ်ပေါင်းဖိုတစ်ခုမှ ရေနွေးငွေ့များယိုစိမ့်

တိုကျို ဩဂုတ် ၉

ဂျပန်နိုင်ငံအနောက်ပိုင်း ဖူကူအီစီရင်စုတွင်ရှိသော မီဟာမာနျူကလီးယားဓာတ်အားစက်ရုံ၏ ဓာတ်ပေါင်းဖိုတစ်ခုမှ ရေနွေးငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာတွင် အလုပ်သမားလေးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရခဲ့သည်ဟု သိရသည်။

ယိုစိမ့်ခြင်းမရှိ

ထိုသို့ ရေနွေးငွေ့ယိုစိမ့်ရာတွင်ပြင်ပရေဒီယိုသတ္တိကြွမှု ယိုစိမ့်ခြင်းမရှိဟု ယုံကြည်ရကြောင်း ကန်ဆေးလျှပ်စစ်ဓာတ်အားကုမ္ပဏီက ပြောကြားသည်။ ရေနွေးငွေ့ယိုစိမ့်မှုသည် မီဟာမာမြို့ရှိ အဆိုပါဓာတ်အားစက်ရုံ၏ အမှတ်(၃)ဓာတ်ပေါင်းဖိုအတွက် တာဗိုင်များကိုတပ်ဆင်ထားရာ အဆောက်အအုံ၌ ညနေ ၃ နာရီခွဲအချိန် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အင်တာနက်၊ဆင်ဟွာ**

စက်မှုလုပ်ငန်းရှင်များ တည်ဆောက်ရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက် နိုင်ငံတော်ပံ့ပိုးမှုဖြင့်အဆင့်မြင့်စက်မှုဇုန်များထူထောင်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးစက်မှုဇုန်တာဝန်ခံ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်ရုံများတည်ထောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မန္တလေးစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်လယ်ယာသုံး ပစ္စည်းထုတ်လုပ်ရေးအဖွဲ့ဝင် မန္တလာလက်တွန်းထွန်စက်ထုတ်လုပ်ရေးမန်နေဂျာ ဦးခင်မောင်ရီတို့ကအဆင့်မြင့်စက်မှုဇုန်တည်ဆောက်မှုအခြေအနေ၊ မော်တော်ယာဉ်များ ထုတ်လုပ်ခြင်းကိစ္စနှင့် လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်မှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

အဆင့်မြင့်စက်မှုဇုန်ထူထောင်

ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့်တောင်ကြီးအေးသာယာစက်မှုဇုန်တို့ကိုအဆင့်မြင့်စက်မှုဇုန်များအဖြစ် ထူထောင်ပေးလျက်ရှိကြောင်း။

အဆင့်မြင့်စက်မှုဇုန်များ၌ Foundry Plant, Press Shop, Forging Shop, Heat Treatment Shopနှင့် Machine Shopများ တည်ထောင်၍ စက်ကိရိယာများ၊ စက်အပိုပစ္စည်းများနှင့်အင်ဂျင်များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

သို့ဖြစ်၍ စက်မှုလုပ်ငန်းရှင်များ အနေဖြင့် အဆင့်မြင့် စက်မှုဇုန်များ တည်ဆောက်ရေး လုပ်ငန်းများတွင် စိတ်ဝင်စားစွာ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကနောင်ခန်းမ၌ ပြသထားသည့် မန္တလေးစက်မှုဇုန်မှ ထုတ်လုပ်သည့် အင်ဂျင်စက်များကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်မှုဇုန်အဆင့် တိုးမြှင့်ရေးစီမံကိန်းရုံးသို့ ရောက်ရှိရာ ချမ်းဟိန်းဆောက်လုပ်ရေး မန်နေဂျာ ဦးဇော်ဟိန်းက သံရည်ကျိုစက်ခုတ်စားစက်ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မကြာမီ ပြည်ပမှ စက်ပစ္စည်းများ ရောက်ရှိလာမည်ဖြစ်သဖြင့် မြို့ပြဆိုင်ရာလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

လျှောင်းတော်မူဘုရားကြီးတည်ထားရန်နှင့် ဂန္ဓကုဋိကျောင်းဆောင်ဆောက်ရန်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၆၂ ဘုရားကလေးကျေးရွာအုပ်စု ဥက္ကံမင်းလမ်းရပ်ကွက် ကန်ဦးကျောင်းတိုက်အတွင်းရှိ အနန္တမေတ္တာမဟာဇေယျာသိဒ္ဓိ ဆုတောင်းပြည့်လျှောင်းတော်မူဘုရားကြီး တည်ထားပူဇော်ရန်နှင့် ဂန္ဓကုဋိကျောင်းဆောင် ဆောက်လုပ်လျက်ရှိရာ လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တကုန္ဒက ကန်ဦးကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ရခိုင်ပြည်နယ်ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို လက်ခံစဉ်။
(သတင်းစဉ်)

စူပါသတင်းဂျာနယ် အမှတ်(၂၆)ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၃

စိုးမြတ်နန္ဒာရဲ့ရင်ဖွင့်ချက်၊ ချစ်သူနဲ့ လမ်းမခွဲချင်ဘူးဆိုတဲ့ ခင်ဘုဏ်း၊ Rဇာနည်နဲ့ ကောလာဟလ၊ ချွဲယူနီးရဲ့ နှလုံးသားထဲက တစ်ခုတည်းသောအချစ်၊ လူမင်းတို့ကြားမှာပြဿနာမရှိပါ၊ နန္ဒာကိုယ်တိုင်ထုတ်မည့် ရုပ်ရှင်ကား၊ ဒါရိုက်တာသုံးဦးနဲ့လမ်းရှင်းထား၊ အရက်သမားရာဇာရဲ့ ဆရာများ၊ စိန်မျက်ပြူး စိန်ကိုတူးတို့ အငြိမ့်နဲ့ ကလေးဗိုလ်ကြည်သာ၊ ပုံကြီးချဲ့ချင်သူများအကြောင်း၊ ချာလီရဲ့ နတ်မိမယ် ကင်မရွန်ဒီယာဇ် သို့မဟုတ် ရွှေမင်းသမီးနှင့် ဓာတ်ပုံဆရာ စသော ပြည်တွင်းပြည်ပ ရုပ်ရှင် ဂီတ စူပါတို့၏ ဘဝအလှဒဿနများနှင့်အတူ စတီရီယို အဆိုတော် ရွှေထိုက်၏ စတိုင်အလှပုံရိပ်ရောင်စုံဓာတ်ပုံတို့ဖြင့် စူပါ သတင်းဂျာနယ် အမှတ် (၂၆)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)
၁၄-၈-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ မဟာဝံသမြတ်ဗုဒ္ဓ(ပထမပိုင်း)
- ၈း၃၀ ၆။ International News
- ၈း၄၅ ၇။ Grammar made Easy
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃း၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၁၇)
- ၁၄း၀၀ ၆။ ပုလင်းရေလှောင်တမံ
- ၁၄း၀၅ ၇။ **"ကံ-ကံ၏အကျိုး" ကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်နှင်းမိုး)**
- ၁၄း၃၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄း၄၅ ၉။ International News
- ၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use.
- ၁၆း၄၅ ၄။ အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၃-၂၀၀၄ ခုနှစ် ပညာရေးစုံညီပွဲတော်(ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ(ပထမဆု)(အထက-၁၊လသာ)(အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၁၇း၁၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၁၇း၃၀ ၆။ တေးဂီတအစီအစဉ်
- ၁၇း၄၅ ၇။ မြင်းခြံစိန်ဗိုလ်သင်းဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
- ၁၈း၀၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၈း၂၀ ၉။ ဗုဒ္ဓရောင်ဝါထွန်းလင်းစေမှာ မဟာသန္တိသုခကျောင်းတော်မဟာ
- ၁၈း၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၂။ Discovery.
- ၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း-၅)
- ၁၉း၄၀ ၁၄။ ဝါဆို ခြင်းပွဲတော်
- ၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း-၁၅)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးသွားသော ရခိုင်ပြည်နယ်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးအလှူငွေတက်ရောက်လက်ခံ

ရန်ကုန် ဩဂုတ် ၁၃

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ရခိုင်ပြည်နယ်ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော သီရိသုဓမ္မမဏိဇောတရေ ဦးသိန်းဝင်း-အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဒေါ်နီ(ရွှေသံလွင်မိသားစု)က ငွေကျပ် သိန်း ၃၀၊ သီဟသုဓမ္မမဏိဇောတရေဦးတင့်ဆန်း-ဒေါက်တာဒေါ်ဌေးဌေးငြိမ်းမိသားစုက ငွေကျပ် ၁၀သိန်း၊ ဒေါ်ခင်ဝါဝါ(Asia Express)က ငွေကျပ် ၁၀သိန်း၊ သုဓမ္မမဏိဇောတရေ ဦးဘိုကြီး-ဒေါ်တင်နု(ရွှေဘို)မိသားစုက ငွေကျပ်ငါးသိန်း၊ သီဟသုဓမ္မမဏိဇောတရေ ဦးသိုင်းဝင်း-သီဟသုဓမ္မသင်္ဂီဒေါ်ဌေးဌေးညွန့်(ဘီတီဘီကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသိန်း၊ သီဟသုဓမ္မသင်္ဂီ ဒေါ်တင်မြိုင်က ငွေကျပ်သုံးသိန်း၊ သမားတော်ကြီး ဦးလှဌေး-ဒေါ်တင်နွယ်ဦး (မုန်ချိုဆေးတိုက်)က ငွေကျပ်သုံးသိန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးဘိုကြီး- ဒေါ်သန်းသန်း(ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်)က ငွေကျပ် နှစ်သိန်း၊ သီဟသုဓမ္မမဏိဇောတရေ ကေအောင်န် ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးဝင်းဆွေ-သီဟသုဓမ္မသင်္ဂီ ဒေါက်တာရီရီလှ(ယုဝတီခင်ဦး) မိသားစု၊ ဦးအုံးမောင်-သီရိသုဓမ္မသင်္ဂီ ဒေါ်တင်တင်ဝေ မိသားစု၊ သီရိသုဓမ္မမဏိ ဇောတရေ ဦးကျော်မင်းမိသားစု၊ ဦးရှိန်မြင့်-သီဟသုဓမ္မသင်္ဂီဒေါ်ခင်သန်းမြင့် (ပပဝင်းရတနာမိသားစု)၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်အေးအေးကြည် မိသားစု၊ သီဟသုဓမ္မ မဏိဇောတရေ ဦးချူသန်း-ဒေါ်ဝင်း ကြည် မိသားစုနှင့် သီရိသုဓမ္မမဏိ ဇောတရေ ဦးသန်းနိုင်-သီဟသုဓမ္မသင်္ဂီ ဒေါ်ကြည်ကြည်ဆွေ(သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်)မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) ဇနီး ဒေါ်တင်တင်မြင့် မိသားစု က ငွေကျပ် ၁၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန် ရှိသူများက လက်ခံကြပြီး သာသနာပြု အလှူတော်မင်္ဂလာ မှတ်တမ်းတင် ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လှူဒါန်းနိုင်

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ရခိုင်ပြည်နယ်ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင် ဖုန်း-၀၁-၆၆၅၃၈၂၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အောင်ကြည် ဖုန်း-၀၁-၆၆၅၃၆၀ နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင် ဖုန်း-၀၁-၆၆၅၃၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီစည်းဝေး

ရန်ကုန် ဩဂုတ် ၁၃

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ကုန်ပစ္စည်းများခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ရက် နံနက် ၉နာရီခွဲတွင် ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ၌ ဒီဇင်ဘာ ၁ရက်မှ ၅ရက်အထိကျင်းပမည်ဖြစ်ရာ နိုင်ငံတကာပြပွဲဖြစ်သဖြင့် အဆင့်မြင့်မြင့်ပြသနိုင်ရေးအတွက် ကုန်စည်ပြပွဲအောင်မြင်စေရန် ကော်မတီအသီးသီး ထပ်မံဖွဲ့စည်း၍ စီမံချက်ရေးဆွဲပြီး စနစ်တကျဆောင်ရွက်ရေး ပြောကြားသည်။**(အပေါ်ပုံ)** ဆက်လက်၍လုပ်ငန်းကော်မတီအတွင်းရေးမှူးကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က ကုန်ပစ္စည်းခင်းကျင်းပြသရေးကိစ္စများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီစည်းဝေး တင်ပြချက်များနှင့်စပ်လျဉ်း၍ နာယကဒေါက်တာဒေါ်ခင်ဝင်းရွှေ ဆွေးနွေးအကြံပြု

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ (၁/၂၀၀၄) အစည်းအဝေးတွင် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ(၁/၂၀၀၄) အစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ(၁/၂၀၀၄) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မေမေရီ၊ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက လုပ်ငန်းကော်မတီ၏ လက်ရှိဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အခမ်းအနားမှူး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ထားမေက မှတ်တမ်းတင်ခြင်း(၇)ရပ်ကို ဖတ်ကြားတင်ပြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရေးနှင့်စပ်လျဉ်း၍ စီမံချက်မူကြမ်းကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

အကြံပြု

ယင်းနောက်နာယကဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အစည်းအဝေးတက်ရောက်လာကြသူများက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့ခဲ့သည့် မြန်မာအမျိုးသမီးငယ် ၂၀ အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏အစီအစဉ်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNIAP တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဘဝလုံခြုံရေးဝန်ကြီးဌာနနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘော တူညီချက်အရ တာချီလိတ်မြို့ နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားတွင် လွှဲပြောင်းလက်ခံစဉ်။ (လူမှုဝန်ထမ်း)

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့နေရသည့် မြန်မာအမျိုးသမီးငယ်များအား လွှဲပြောင်းလက်ခံ မိဘရပ်ထံအရောက်စနစ်တကျပြန်လည်ပို့အပ်ရေးစီစဉ်ဆောင်ရွက်ခဲ့

ရန်ကုန် ဩဂုတ် ၁၃

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့နေရသည့် မြန်မာအမျိုးသမီးငယ် ၂၀ တို့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNIAP တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝလုံခြုံရေးဝန်ကြီးဌာနနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ တာချီလိတ်မြို့ နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား၌ လွှဲပြောင်းလက်ခံရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အစီအစဉ်ကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်သဘောတူညီမှု၊ ချစ်ကြည်မှုနှင့် အပြန်အလှန်နားလည်မှု အခြေခံဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဒုက္ခကြုံတွေ့နေသည့် အမျိုးသမီးငယ်များအား လက်ခံပြီး မိဘရပ်ထံ စနစ်တကျ ပြန်လည်အပ်နှံရေးလုပ်ငန်းသည် လူမှောင်ခိုကုန်ကူးသည့်လုပ်ငန်းကို ကာကွယ်တားဆီးလျက်ရှိသည့် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

လွှဲပြောင်းလက်ခံ

ဩဂုတ် ၁၀ ရက် နံနက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထောက်အကူပြုအဖွဲ့ဝင် လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UNIAP အဖွဲ့အစည်းမှ တာဝန်ရှိသူများသည် နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ သွားရောက်၍ လွှဲပြောင်းလက်ခံကြရာ ထိုင်းနိုင်ငံဘက်မှ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝလုံခြုံရေးဝန်ကြီးဌာနမှ Permanent Secretary Mr. Wanlop Phloytabtm၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ရဲတပ်ဖွဲ့မှအရာရှိကြီးများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက လိုက်လံပို့ဆောင်လွှဲပြောင်းပေးကြသည်။

ထို့နောက်နှစ်နိုင်ငံကိုယ်စားလှယ်များသည်ချစ်ကြည်ရေးတံတားပေါ်၌စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြန်လည်ရောက်ရှိလာသောအမျိုးသမီးငယ် ၂၀ မှာ တာချီလိတ်မြို့နယ်မှ ရှစ်ဦး၊ ကျိုင်းတုံမြို့နယ်မှ နှစ်ဦး၊ မိုင်းဖြတ်မြို့နယ်မှ သုံးဦး၊ မိုင်းယောင်းမြို့နယ်မှတစ်ဦး၊ မိုင်းယန်းမြို့နယ်မှ တစ်ဦး၊ မိုင်းခတ်မြို့နယ်မှ တစ်ဦး၊ မိုင်းပျဉ်းမြို့နယ်မှ နှစ်ဦး၊ တန့်ယန်းမြို့နယ်မှ တစ်ဦး၊ ကျောက်မဲမြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

ယင်းအမျိုးသမီးငယ် ၂၀ အား တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ၎င်းတို့ပိုင်ဆိုင်သော ငွေနှင့်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ၎င်းတို့အား သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် UNIAP တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဩဂုတ် ၁၀ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိဘရပ်ထံအရောက် စနစ်တကျပြန်လည်ပို့အပ်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့ခဲ့သည့် မြန်မာအမျိုးသမီးငယ် ၂၀ အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNIAPတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဘဝလုံခြုံရေးဝန်ကြီးဌာနနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ တာချီလိတ်မြို့ နှစ်နိုင်ငံချစ်ကြည်ရေးတံတားတွင် လွှဲပြောင်းလက်ခံပြီးနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက နှစ်သိမ့်ဆွေးနွေးအားပေးစကား ပြောကြားစဉ်။ (လူမှုဝန်ထမ်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✻ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဖွင့်လှစ်လိုက်သော မာလ်တီမီဒီယာစာသင်ခန်းများဖြစ်သည့် Language Lab, Computer Room, Computer Aided Instruction, Study Room(Reading and Listening), Electronic Media (Video Lab),အိမ်တွင်းမှုနှင့် ပန်းချီခန်းနှင့် သင်ထောက်ကူပစ္စည်းများ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျောင်းအတွက် လှူဒါန်းငွေများကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းအတွက်အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်းအစီအစဉ်ကိုကျင်းပရာကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကျပ် ၁၅သိန်း၊ မိဘဆရာအသင်းက ငွေကျပ် ၁၀ သိန်းနှင့် ဦးအောင်အောင်ထွန်း–ဒေါ်စန္ဒာဝင်းတို့က ငွေကျပ် ငါးသိန်းတန် ကွန်ပျူတာတစ်လုံးတို့ကိုပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လက်ခံယူသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးကိုကိုကြီးက ငွေကျပ် သုံးသိန်း၊ ကျောင်းပရဝဏ်ဆိုင်ခန်းများက ငွေကျပ် ၂၆၄၀၀၀နှင့် ဦးအောင်နိုင်မိသားစုက ငွေကျပ် ၁၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူသည်။

ဆက်လက်၍ ငွေသောင်ယံစားတော်ဆက်မှ ဦးသာစိန်–ဒေါ်အေးသိန်းမိသားစုက ငွေကျပ် ၁၃၅၀၀၀၊ သီရိမင်္ဂလာဈေး ဈေးသာယာရေးအဖွဲ့ ထိပ်တန်းပွဲရုံမှ ဦးထွန်းရင်၊ သရဖူကုန်စိမ်းပွဲရုံမှ ဦးမောင်ဦး–ဒေါ်မူမူမိသားစု၊ သာမညသစ်သီးပွဲရုံမှ ဦးထွန်းကြည်–ဒေါ်ပဲ၊ ဦးအောင်ဌေး–ဒေါ်ထားထားနွယ်နှင့် ဗားဂရာဆိပ်ကမ်း မာလကာ၊ သရက်ပွဲရုံမှ ဦးအေးသောင်းတို့က ငွေကျပ် ၁၀၀၀၀၀စီတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်းတို့က လက်ခံယူကြသည်။

ယင်းနောက် ကျောင်း၏သီးသန့်ခန်းမ၌ ကျောင်းသား ကျောင်းသူများက ကျောင်းသီချင်းနှင့် တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေကြပြီး မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးစိန်လွင်က မာလ်တီမီဒီယာစာသင်ခန်းများဖွဲ့စည်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောသန်းချစ်မောင်က မာလ်တီမီဒီယာစာသင်ခန်းများ ဖြစ်ပေါ်လာ

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



စက်ခလုတ်နှိပ်ဖွင့်

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲတွင် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တိုးချဲ့ထူထောင်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့ ဤကျောင်း၌ မာလ်တီမီဒီယာပစ္စည်းများကို အလှူရှင်များ၏ စေတနာအပေါင်းအစုဖြင့် တိုးချဲ့ထူထောင်ပေးလိုက်နိုင်ပြီဖြစ်ကြောင်း။

ယင်းအီလက်ထရွန်နစ်သင်ကြားမှု အထောက်အကူပစ္စည်းများ၊ ကွန်ပျူတာများကို ဆရာ ဆရာမများရော ကျောင်းသားကျောင်းသူများပါ ထိထိရောက်ရောက် သုံးစွဲသွားကြရန် မှာကြားလိုကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း ဖိဖိစီးစီး ကြိုးစား၊ မိဘပြည်သူများကလည်း ဝိုင်းဝန်းထောက်ပံ့စောင့်ရှောက်၊ ဆရာ ဆရာမများကလည်း တပည့်များကို ပညာတတ်မြောက်အောင်၊ ဘဝကို ရင်ဆိုင်ရပ်တည်နိုင်အောင် သွန်သင်ဆုံးမ၊ ဤသို့ ညီညီညွတ်ညွတ် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းဘဝ တိုးတက်ရေးကိုသာမက နိုင်ငံတော်အတွက် လိုအပ်သောပညာတတ်လူ့ရည်မွန်များ မွေးထုတ်ရေးလုပ်ငန်းသည်လည်း အောင်မြင်မှာဖြစ်ကြောင်း။

ခေတ်မီနိုင်ငံတည်ဆောက်

ယနေ့ပညာခေတ်၌ သူငယ်တန်းကျောင်းသားအရွယ်မှ အသက်ကြီးရင့်သည့်အရွယ်အထိ မိမိတို့၏ အသိပညာကို အစဉ်အမြဲဖြည့်ဆည်းနေနိုင်အောင် စီမံဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ထက်မြက်သော လူ့အရင်းအမြစ်သည် နိုင်ငံတော်၏တန်ဖိုးဖြတ်၍မရနိုင်သည့် အဓိက အရင်းအမြစ်ကြီးဖြစ်ကြောင်း၊ ယင်းလူ့အရင်းအမြစ်နှင့် သယံဇာတအရင်းအမြစ်တို့ကို မှန်ကန်စွာ ပေါင်းစပ်၍ ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်ထူထောင်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အ ထက် တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအတွက် ဦးအောင်အောင်ထွန်း–ဒေါ်စန္ဒာဝင်းတို့က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ကွန်ပျူတာ တစ်လုံးပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဖိတ်နေ့ နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

● ကျောဖုံးမှ

ညှိနှိုင်းအစည်းအဝေးတွင်အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားရာ၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပွင့်လင်းရာသီ၌ ပြန်လည်ကျင်းပသည့်အခါ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်များကို စာတမ်းပြုစုတင်ပြရန်ရှိကြောင်း၊ ယင်းသို့ အလုပ်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက် စာတမ်းပြုစုရာတွင် လုပ်ငန်းကော်မတီရုံးက လိုအပ်သည်များကို သဘာပတိအဖွဲ့အား ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ သဘာပတိအဖွဲ့က လေ့လာတွေ့ရှိချက် စာတမ်းပြုစုရာတွင် သဘာပတိအဖွဲ့၏ အစီအစဉ်အတိုင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

ညှိနှိုင်းအစည်းအဝေးသို့အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံ ခေတ္တရပ်နားထားစဉ်အတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အဆောက်အအုံများ ထိန်းသိမ်းပြုပြင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ၂၀၀၄ ခုနှစ် ဇူလိုင် ၁၆ရက်တွင် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် လုံခြုံရေးကိစ္စများ၊ အဆောက်အအုံဟောင်းများ ပြုပြင်ထိန်းသိမ်းရေးကိစ္စများ၊ Land Scaping ကိစ္စများ၊ ပရိဘောဂများနှင့် ကိုယ်စားလှယ်အသုံးအဆောင်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိရေးကိစ္စများ၊ အဆောက်အအုံသစ်များ ထပ်မံဆောက်လုပ်ရေးကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့အစည်းအဝေးကိုလည်း အထက်ပါလုပ်ငန်းငါးရပ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးကြရန်နှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြပြီး လုပ်ငန်းများအဆင်ပြေ ပြီးမြောက်စေရေးအတွက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညောင်နှစ်ပင်စခန်းရှိ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းထားရှိမှုနှင့် အမိုးအကာများ၊ ထိုင်ခုံများ ပြုပြင်မွမ်းမံရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့ တာဝန်ယူ ဆောင်ရွက်နေကြသော လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်ချက်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့ တာဝန်ရှိသူများအပိုင်းက ပေါင်းစပ်ဆောင်ရွက်ပေးရန် ရှိသည်တို့ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လက်တွေ့တာဝန်ယူ လုပ်ကိုင်နေကြသည့် တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအပိုင်းမှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၅နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင် စခန်း လုံခြုံရေး၊ ပစ္စည်းများ ထိန်းသိမ်းရေး၊ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေး၊ လိုအပ်သော အဆောက်အအုံအသစ်များ အတွက် ပုံစံ၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ရေးနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

မြစ်ကြီးနား ဩဂုတ် ၁၃

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၀၄) ဆင်းပွဲကို ယနေ့မွန်းလွဲ၂နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်တန်းခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပထမဆုရဖားကန့်မြို့နယ်မှ ဦးကီးတန်းကြီး၊ ဒုတိယဆုရ ဝိုင်းမော်မြို့နယ်မှ ဦးမျိုးကိုကိုဦး၊ တတိယဆုရ မိုးညှင်းမြို့နယ်မှ ဦးစိန်ဝင်းတို့အား ထူးချွန်ဆုများချီးမြှင့်ပေးအပ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

(ခရိုင်/ပြန်ဆက်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်၈၀နေ ဦးလှထွန်း၊ ဒေါ်ခင်ညွှန့် ဇရာဝဏ်ဆေးတိုက် မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပဲခူးနှင့် ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း စင်တီမီတာ ၃၀(၁ ပေခန့်)မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ၉၁၀ သို့ ရောက်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၅၈စင်တီမီတာ စိုးရိမ်ရေမှတ် အထက်တွင်ရှိသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

(မြန်မာ့အလင်း)

နှလုံးသားကို ပညာသင်ကြားခြင်း

လူရယ်လို့ဖြစ်တည်လာရင် အသိဉာဏ်ပညာ ဘယ်လောက်ကြီးကြီး၊ ဘယ်လောက်ပဲ ခွန်အားကြီးမားပါစေ၊ ချမ်းသာနေပါစေ နှလုံးသား မလှပရင် လူ့လောကကို အကျိုးမပြုနိုင်ဘူးလို့ စာရေးသူထင်မြင်မှတ်ယူပါတယ်။ နှလုံးသား လေးလှပအောင် အသိဉာဏ်ရယ်၊ ပညာဉာဏ်ရယ်၊ တွေးခေါ်မြော်မြင်မှုရယ်က ထိန်းမတ်ထားပါတယ်။

နှလုံးသားကို ပညာသင်ကြားခြင်းဆိုတဲ့ နူးညံ့လှပတဲ့ စကားစုလေးကို စာရေးသူအနေနဲ့ ဂျပန်နိုင်ငံ Gunma ခရိုင်ရဲ့ Ohta မြို့က Higashi Besshoလို့အမည်ရတဲ့ မူလတန်းအကြိုသင်ကျောင်းလေးတစ်ခုမှာ ကြားသိခဲ့ရပါတယ်။ စာရေးသူတို့ မြန်မာနိုင်ငံက အခြေခံပညာ မူလတန်းကျောင်း ဆရာ ဆရာမ ၂၀ ဟာ ဂျပန်နိုင်ငံ(JICA, Japan International Cooperation Agency) နဲ့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ရဲ့ ညှိနှိုင်းစီစဉ်မှုအရ ဂျပန်နိုင်ငံကို ၂၃ရက်ကြာ လေ့လာရေးခရီးတစ်ခု သွားရောက်ခဲ့ရပါတယ်။ အဲဒီလေ့လာရေးခရီးစဉ်အတွင်း ဖိတ်ကြားသူတို့ရဲ့ စီစဉ်ပေးမှုအရ Higashi Besshoကျောင်းလေးကို ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။

စာရေးသူတို့ ဆရာ ဆရာမတွေ စီးလာတဲ့ မီနီဘတ်စ်ကား ကျောင်း အဝင်တံခါးဝကို ရောက်တာနဲ့ စတင်မြင်တွေ့လိုက်ရတာကတော့ ဂျပန်ကလေးငယ်တွေဟာ သူတို့ရဲ့လက်ကလေးတွေကို မြှောက်ရင်း ကြိုဆိုနေကြတာပဲ ဖြစ်ပါတယ်။ စာရေးသူတို့အဖွဲ့ ကျောင်းဝင်းအတွင်း ဝင်လိုက်တာနဲ့ ကလေးငယ်လေးတွေက "ခွန်နိရှိဝါ"ဆိုတဲ့ မင်္ဂလာနံနက်ခင်းပါလို့ အဓိပ္ပာယ်ရတဲ့ ဂျပန်စကားသံတွေ၊ Good Morning ဆိုတဲ့ အင်္ဂလိပ်စကားသံတွေနဲ့ အော်ဟစ်နှုတ်ဆက်ကြပြီး သူတို့ရဲ့လက်ကလေးတွေကို အလုအယက် ကမ်းပေးကြ ပါတယ်။ စာရေးသူတို့ ဆရာ ဆရာမတွေဟာလဲ အဓိပ္ပာယ်တစ်ခုတည်းဖြစ်တဲ့ "မင်္ဂလာပါ ကလေးတို့"၊ "ခွန်နိရှိဝါ"နဲ့ Good Morning ဆိုတဲ့ စကားသံ သုံးခုနဲ့ ပြန်လည်နှုတ်ဆက်ပြီး ကလေးငယ်လေးတွေ တစ်ဦးမှမကျန်ရလေအောင် လက်ကလေးတွေကို အမိအရ ဆုပ်ကိုင်နှုတ်ဆက်ခဲ့ကြပါတယ်။ ဒီလို အပြန်အလှန် ကြိုဆိုနှုတ်ဆက်သံတွေဟာ ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားလို့လမ်းပေါ်မှာ ဖြတ်သန်းမောင်းနှင်နေတဲ့ ကားတွေဟာလဲ ရပ်တန့်ကြည့်ရှုကြပါတယ်။ ကျောင်းအနီးမှာရှိတဲ့ နေအိမ်တွေကလဲ ထွက်ကြည့်ကြပါတယ်။ တကယ့်ကို မင်္ဂလာရှိသော နေ့တစ်နေ့ပါပဲ။ ကြိုဆိုသူရော အကြိုဆိုခံရသူရော မြင်တွေ့ရသူတွေရော အားလုံးကို တူညီတဲ့ခံစားမှု ဖြစ်စေခဲ့ပါတယ်။ အဲဒါကတော့ ကြည်နူးပီတိမှု ဆိုတာပါပဲ။

ကြိုဆိုနှုတ်ဆက်မှုတွေပြီးတော့ ကလေးငယ်တွေဟာ သူတို့တတ်ကျွမ်းတဲ့ ကိုယ်လက်ကြံ့ခိုင်ရေး အားကစားနည်းတွေနဲ့ လှုပ်ရှားပြသပါတယ်။ အဲဒီနောက် တော့ ကလေးငယ်တွေသင်ကြားနေကြတဲ့ အခန်းတွေကို လှည့်ပတ်ကြည့်ရှုရပါတယ်။ ကဗျာတွေဆိုနေတဲ့အခန်း၊ အရုပ်တွေလုပ်နေတဲ့အခန်း၊ သီချင်းတွေဆိုနေကြတဲ့အခန်းတွေကို ဝင်လိုက်တာနဲ့ ကလေးငယ်တွေအားလုံးက အလုအယက် နှုတ်ဆက်ကြပါတယ်။ ကျောင်းတစ်ခုလုံးလဲ ကလေးငယ်တွေ ရေးဆွဲထားတဲ့ ပန်းချီကားတွေ၊ ရုပ်ပုံတွေ ကလေးငယ်တွေနှစ်သက်တဲ့ အရုပ်တွေ၊ ရောင်စုံ ရုပ်ပုံကားချပ်တွေနဲ့ ကြည်နူးတက်ကြွစရာ ဖြစ်နေပါတယ်။ ကလေးငယ်တွေ သင်ကြားနေတဲ့ အခန်းတွေကို ကြည့်ရှုပြီးချိန်မှာတော့ ကျောင်းညှော့ခန်းမှာ စာရေးသူတို့အဖွဲ့ကို ကျောင်းအုပ်ဆရာမကြီးက တွေ့ဆုံနှုတ်ဆက်ပါတယ်။

နှလုံးသားကို ပညာသင်ကြားပေးတယ် ဆိုတာဟာ ကလေးငယ်တွေရဲ့ နှလုံးသားလေးလှပအောင် ပြုစုပျိုးထောင်ပေးလိုက်ခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လမ်းကြောင်းပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ကလေးငယ်ရဲ့ အရာရာကို စူးစမ်းလေ့လာမှတ်သားတတ်တဲ့ အသိဉာဏ်ဖြစ်ထွန်းနေချိန်မှာ ကောင်းမွန်တဲ့ အကျင့်စရိုက်ကို ရယူသွားနိုင်အောင်၊ စာရိတ္တကောင်းမွန်အောင်၊ ကောင်းမှုကို သူ့ရဲ့ဘဝတစ်လျှောက်လုံး မြတ်နိုးလုပ်ကိုင်သွားအောင်၊ လူအချင်းချင်းအပေါ် ညှာတာထောက်ထားစွာနဲ့ ကူညီမှုများ ပေးတတ်အောင်၊ ကောင်းမွန်တဲ့ သိမြင်တွေးခေါ်မှုများ ဖြစ်ပေါ်လာအောင်တို့ကို အသိစိတ်ထဲ စွဲမြဲသွားစေဖို့အတွက် လေ့ကျင့်ပေးခြင်းဖြစ်ပါတယ်။

ကျောင်းအုပ်ဆရာမကြီးက အခုလို ကလေးငယ်တွေကို တွေ့ရှိရတာ ဘယ်လိုခံစားရပါသလဲဆိုတဲ့ အမေးစကားနဲ့ နှုတ်ဆက်စကားကို စတင်ခဲ့ပါတယ်။ စာရေးသူတို့အဖွဲ့ကလဲ အလွန်ကိုပျော်ရွှင်ရပါကြောင်း ပြန်လည်ဖြေဆိုခဲ့ပါတယ်။ ဒီနောက်မှာတော့ ကျောင်းအုပ်ဆရာမကြီးက Gunma ခရိုင်ရဲ့ Ohta မြို့တွင်းမှာ မူလတန်းအကြိုသင်ကျောင်း၁၆ကျောင်း ရှိတဲ့အနက် တစ်ကျောင်းနဲ့တစ်ကျောင်း သင်ကြားမှုပုံစံမတူညီကြောင်း၊ သူမရဲ့ကျောင်းကတော့ အားကစား၊ သီချင်း၊ ကဗျာ၊ ပုံဆွဲခြင်း၊ အရုပ်ခေါက်နည်းတို့ကို သင်ကြားပေးကြောင်း၊ အထူးသဖြင့် စိတ်ဓာတ်ကြံ့ခိုင်စေရန်နှင့် ယဉ်ကျေးသိမ်မွေ့စေရန်အတွက် နှလုံးသားကို ပညာသင်ကြားခြင်းနဲ့ အားကစားလေ့ကျင့်

ခွန်ညီစံ

ပေးခြင်းကို အဓိကထားသင်ပေးကြောင်း ပြောဆိုပြီး ကျောင်းနဲ့ပတ်သက်တာတွေကို ရှင်းပြပြောဆိုပါတယ်။ ဒီလိုရှင်းပြပြောဆိုပြီးတာနဲ့ စာရေးသူတို့အဖွဲ့ကို သိချင်တာများရှိက မေးမြန်းရန် လမ်းဖွင့်ပေးပြီး ကလေးငယ်တွေကို ကျွေးမွေးတဲ့ မုန့်နဲ့ကော်ဖီအေးကို တိုက်ကျွေးဧည့်ခံပါတယ်။

"နှလုံးသားကို ပညာသင်ကြားခြင်း"အလွန်ကို နူးညံ့သိမ်မွေ့ပြီး အဓိပ္ပာယ်ကြွယ်ဝတဲ့ စကားလုံးလေးဖြစ်ပါတယ်။ အလွန်နုနယ်သိမ်မွေ့တဲ့ ကလေးငယ်တွေရဲ့ နှလုံးသားကို ဘာပညာတွေသင်ကြားပေးတာလဲ၊ ဘယ်လို သင်ကြားတာလဲဆိုတာကို ရှင်းလင်းပြောပြပေးဖို့အတွက် စာရေးသူက တလေးတစား မေးမြန်းခဲ့ပါတယ်။ စကားပြန်ကတစ်ဆင့် မေးမြန်းချက်ကို ကျောင်းအုပ်ဆရာမကြီး သိရှိသွားတော့ သူမခေတ္တခဏ တွေးတောနေတာကို တွေ့ရပါတယ်။ တစ်ခန်းလုံးလဲ တိတ်ဆိတ်သွားပြီး ဆရာမကြီးရဲ့စကားသံကို နားစွင့်နေကြပါတယ်။ ဆရာမကြီးဟာ ဂျပန်လို ပြန်လည်ဖြေကြားပါတယ်။ အဓိပ္ပာယ်ကိုမသိပေမယ့် ဆရာမကြီးရဲ့ မျက်နှာပေါ်မှာတော့ တစ်စုံတစ်ရာ ခံစားနေရတာကို တွေ့ရှိရပါတယ်။ ဆရာမကြီးရဲ့ စကားဆုံးသွားတော့ အကြောင်းအရာနဲ့ အဓိပ္ပာယ်ကို စကားပြန်က ပြန်လည်ပြောကြားပေးပါတယ်။

"နှလုံးသားကို ပညာသင်ကြားခြင်းဆိုတဲ့ စကားလုံးနဲ့ အကြောင်းအရာကို မေးမြန်းတဲ့အတွက် သူမအဖို့ ဖြေဆိုရန်ခက်ခဲတဲ့ မေးခွန်းတစ်ခုဖြစ်ခဲ့ပါတယ်။ အဓိပ္ပာယ်ပေါ်လွင် ရှင်းလင်းအောင် အတတ်နိုင်ဆုံး ရှင်းလင်းဖြေဆိုပါ့မယ်။ ကလေးငယ်တွေဟာ မိဘ၊ ညီအစ်ကို၊ မောင်နှမများရဲ့ ကြင်နာယုယမှုကို ပြည့်ပြည့်ဝဝမခံစားရရင် ယဉ်ကျေးသိမ်မွေ့မှုမရှိတဲ့ ပြုမူပြောဆိုနေထိုင်မှုများ၊ ကိုယ်ချင်းစာစိတ်နည်းပါးတဲ့ အပြုအမူများ၊ ရိုင်းပင်းကူညီလိုစိတ် နည်းပါးတဲ့ အပြုအမူများနဲ့ ကြမ်းတမ်းတဲ့အမူအကျင့်များ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒါကြောင့် ကလေးငယ်များရဲ့စိတ်ဓာတ်ကို ယဉ်ကျေးသိမ်မွေ့မှုရှိလာအောင် ရည်ရွယ်ပြီး နှလုံးသားကိုပညာသင်ကြားခြင်းဆိုတဲ့ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ **နှလုံးသားကို ပညာသင်ကြားပေးတယ် ဆိုတာဟာ ကလေးငယ်တွေရဲ့ နှလုံးသားလေးလှပအောင် ပြုစုပျိုးထောင်ပေး လိုက်ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လမ်းကြောင်းပေးလိုက်ခြင်းပဲဖြစ်ပါတယ်။ ကလေးငယ်ရဲ့ အရာရာကို စူးစမ်းလေ့လာမှတ်သားတတ်တဲ့ အသိဉာဏ်ဖြစ်ထွန်းနေချိန်မှာ ကောင်းမွန်တဲ့အကျင့်စရိုက်ကို ရယူသွားနိုင်အောင်၊ စာရိတ္တကောင်းမွန်အောင်၊ ကောင်းမှုကို သူ့ရဲ့ဘဝတစ်လျှောက်လုံး မြတ်နိုးလုပ်ကိုင်သွားအောင်၊ လူအချင်းချင်းအပေါ် ညှာတာထောက်ထားစွာနဲ့ ကူညီမှုများပေးတတ်အောင်၊ ကောင်းမွန်တဲ့ သိမြင်တွေးခေါ်မှုများ ဖြစ်ပေါ်လာအောင်တို့ကို အသိစိတ်ထဲ စွဲမြဲသွားစေဖို့အတွက် လေ့ကျင့်ပေးခြင်းဖြစ်ပါတယ်။**

လေ့ကျင့်ပေးတဲ့ပုံစံကတော့ ပုံပြင်လေးတွေပြောပြပြီး အဲဒီကမှ ကောင်းမှု၊ မကောင်းမှုများကို ထုတ်ဖော် ပေးတာတွေ၊ ထင်ရှားကျော်စောတဲ့ပုဂ္ဂိုလ်တွေ၊ နေရာဒေသတွေကို စိတ်ဝင်စားလာအောင်ပြောပြပြီး ကလေးငယ်တွေရဲ့ ကောင်းမွန်တဲ့ စိတ်ကူး စိတ်သန်း ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတာတွေ၊ ကလေးငယ် အချင်းချင်း ချစ်ခင်ရိုင်းပင်း ကူညီမှုတွေဖြစ်လာအောင် တစ်ဦးချင်းလုပ်ဆောင်မှု၊ အဖွဲ့လိုက် လုပ်ဆောင်မှုတွေကို အမြဲမပြတ်လုပ်ဆောင်စေခြင်းတွေ၊ ကလေးငယ်တွေရဲ့ မေးမြန်းမှုအားလုံးကို ဂရုတစိုက်နဲ့ပြောကြားပေးမှုတွေနဲ့ နှလုံးသားကို ပညာသင်ကြားခြင်းပြုလုပ်ပါတယ်။ နှလုံးသားကို ပညာသင်ကြားခြင်းဟာ တစ်ခဏအတွင်း အောင်မြင်မှု ရှိမရှိ ဆိုတာကိုတော့ သူမအနေနဲ့ အကောင်အထည် မပြနိုင်ပါဘူး။ သင်ကြားခံယူသွားတဲ့ ကလေးငယ်တွေရဲ့ ကြီးပြင်းတဲ့ ဘဝတစ်လျှောက်လုံးမှာ အသုံးချသွားနိုင်အောင် ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပါတယ်။

ကလေးငယ်တွေရဲ့ တွေးမြင်ပြောဆိုမှုဟာ ဖြူစင်ရိုးသားပါတယ်။ သူမအနေနဲ့ ကျောင်းမှာ တက်ရောက်သင်ကြားခဲ့တဲ့ ကလေးငယ်တစ်ဦးရဲ့ အဖြစ်အပျက်ကလေးကို အမြဲတမ်းဂုဏ်ယူနေတာလေး တစ်ခုရှိပါတယ်။ အဲဒီအဖြစ်အပျက် ကလေးကတော့ တစ်နေ့မှာ သူမရဲ့ကျောင်းမှာ တက်ရောက်နေတဲ့ကလေးငယ်တစ်ဦးရဲ့ အဘိုးဖြစ်သူဟာ ကွယ်လွန်သွားပါတယ်။ အဘိုးရဲ့ ဈာပနမှာ အဘွားဖြစ်သူဟာ ဝမ်းနည်းစွာငိုကြွေးနေတော့ ကလေးငယ်က သူ့ရဲ့အဘွားကို နှစ်သိမ့်အားပေးစကားပြောပါတယ်။ အဘွားရယ် မငိုပါနဲ့တော့၊ အဘိုးရဲ့နေရာမှာ ကျွန်တော်ကဝင်ရောက်ပြီး အဘွားကို စောင့်ရှောက်ပါ့မယ်။ ကျွန်တော်က အဘွားအတွက် ပျော်ရွှင်မှုတွေ ယူဆောင်ပေးပါ့မယ်။ အခု လောလောဆယ် အဘွားအတွက် ကျွန်တော်က လက်ဆောင်တစ်ခု ပေးပါတယ်လို့ ပြောဆိုပြီး သူ့ရဲ့အဘွားကို ဓာတ်ပုံလေးတစ်ပုံ ထုတ်ပေးခဲ့ပါတယ်။ ဓာတ်ပုံလေးကတော့ အဘိုးနဲ့အဘွားဖြစ်သူတို့ ငယ်ရွယ်နုပျိုစဉ်အချိန်က မက်မန်းပင်တွေကြားမှာ ကြည်နူးပျော်ရွှင်စွာနဲ့ လက်တွဲပြီးလမ်းလျှောက်နေတဲ့ ဓာတ်ပုံလေးပဲဖြစ်ပါတယ်။ ဒါနဲ့ပဲ အဘွားဖြစ်သူမှာ အသိတရားရလာပြီး ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဒီဖြစ်စဉ်လေးကို သူမသိရှိတဲ့အခါ ကာယကံရှင် ဘယ်သူဖြစ်တယ်ဆိုတာကို မဖော်ပြဘဲ တစ်ကျောင်းလုံးကြားနိုင်အောင် မိုက်ကရိုဖုန်းနဲ့ ပြောပြခဲ့ပါတယ်။ အဲဒီအခါမှာ ကလေးငယ်တွေအားလုံးကရော ဆရာတွေအားလုံးကပါလက်ခုပ်တီးပြီး ဝမ်းသာ ပီတိဖြစ်ခဲ့ရပါတယ်။ ဒါဟာ နှလုံးသားလေးလှပမှုရဲ့ ကောင်းကျိုးပဲဖြစ်ပါတယ်" လို့ ကျောင်းအုပ်ဆရာမကြီးက ရှည်လျားစွာနဲ့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။

ကျောင်းအုပ်ဆရာမကြီးရဲ့စကားကို မြန်မာလိုပြန်ရှင်းပြတဲ့ မြန်မာလူမျိုး ကိုဝင်းဇော်တင်ရဲ့ မျက်နှာမှာလဲ ကြည်နူးမှုနဲ့ စိတ်ခံစားမှုကို တွေ့လိုက်ရပါတယ်။ သူဟာ ဂျပန်ကိုရောက်နေတာ နှစ်အတော်ကြာပြီဆိုတော့ မြန်မာလိုပြောတာတောင် ဂျပန်လေယူလေသိမ်းက အကျင့်ရနေပြီထင်ပါတယ်။ ခရီးစဉ်တစ်လျှောက် အချက်အလက်တွေကိုရှင်းပြတာ စကားလုံးအသုံးအနှုန်းက တစ်ခါ တလေ ထောင့်နေလို့ အစဉ်ချောအောင် ဖြည့်စွက်နားလည်ခဲ့ရ ပေမယ့် ဒီတစ်ခါမှာတော့ တော်တော်ကြီးကို ချောမွေ့နေတာကို တွေ့ရပါတယ်။ စာရေးသူတို့အဖွဲ့အပြင် ကျောင်းကိုလိုက်ပါပို့ဆောင်ပေးတဲ့ ဂျပန်လူမျိုးတွေ အားလုံးမှာလဲ ဝမ်းသာပီတိဖြစ်နေတာကို တွေ့မြင်ခံစားခဲ့ရပါတယ်။

အဲဒီနောက်မှာတော့ စာရေးသူတို့အဖွဲ့က ကြိုတင်စီစဉ်ထားမှုမရှိတဲ့ အစီအစဉ်တစ်ခုကို ဖြည့်စွက်လုပ်ဆောင်ခဲ့ပါတယ်။ စာရေးသူတို့အဖွဲ့ကို ပျော်ရွှင်ဝမ်းမြောက်မှုတွေ ဖြစ်ပေါ်စေခဲ့တဲ့ ကျောင်းအုပ်ဆရာမကြီးနဲ့ ကလေးငယ်တွေကို ကျေးဇူးတင်စကား ပြန်လည်ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်ကို စာရေးသူတို့အဖွဲ့ဝင်ဆရာမတစ်ဦးက တာဝန်ယူခဲ့ပါတယ်။ စာရေးသူတို့ မြန်မာလူငယ် ဆရာဆရာမတွေ အားလုံးရဲ့ ဝမ်းသာပီတိဖြစ်မှုနဲ့ စိတ်ခံစားမှုကို ပေါ်လွင်အောင် ကျေးဇူးတင်စကားပြောဆိုတဲ့ ဆရာမကို ကြည့်နေတဲ့ ကျောင်းအုပ်ဆရာမကြီးရဲ့ မျက်လုံးမှာ မျက်ရည်စတွေ ရစ်ဝိုင်းနေတာကို တွေ့ရှိခဲ့ရပါတယ်။ မြန်မာအဖွဲ့ရဲ့ ကျေးဇူးတင်စကားအပေါ်မှာ ဂျပန်အားလုံးက ဝမ်းသာပီတိဖြစ်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ စာရေးသူတို့အဖွဲ့ ကျောင်းကနေ ပြန်လည်ထွက်ခွာတဲ့အခါမှာလဲ ကလေးငယ်တွေရဲ့ နှုတ်ဆက်မှုဟာ ရှည်လျားကြာမြင့်ခဲ့ပါတယ်။

အပြန်လမ်းတစ်လျှောက်လုံး စာရေးသူအတွက် တွေးတောစရာတွေဖြစ်နေခဲ့ပါတယ်။ **လူမမယ်(လူမမည်)ကလေးဘဝကစပြီး နှလုံးသားလေးလှပအောင် လေ့ကျင့်သင်ကြားပေးခြင်းဟာ လူ့လောကကြီးကို ကောင်းကျိုးပြုခြင်းဖြစ်ပါတယ်။ ကလေးတွေရဲ့ ပြောဆိုမှု၊ နေထိုင်မှုတွေဟာ ရိုးသားဖြူစင်ပါတယ်။ အဲဒီဖြူစင်မှုတွေဟာ လူ့လောကကြီးကို သာယာလှပစေပါတယ်။ ကလေးငယ်တစ်ဦးကပေးတဲ့ လက်ဆောင်ဟာ လူ့ဘဝကို နှစ်များစွာဖြတ်သန်းခဲ့ပြီး အတွေ့အကြုံတွေ၊ လောကဓံတွေကို ကျော်လွှားနိုင်ခဲ့တဲ့ လူကြီးသူမတစ်ယောက်ကို စိတ်ဓာတ် မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အသိတရားနဲ့ အားအင်တွေကို ပေးစွမ်းနိုင်ခဲ့ပါတယ်။**

နိုင်ငံတိုင်း၊ လူမျိုးတိုင်းဟာ သူတို့ရဲ့ဓလေ့ထုံးတမ်းစဉ်လာတွေနဲ့ နေထိုင်လုပ်ကိုင်ကြပါတယ်။ **စာရေးသူတို့ မြန်မာနိုင်ငံဟာ ဘာသာရေးထိန်းကျောင်းမှုအောက်မှာ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြပါတယ်။ နှလုံးသားကိုပညာသင်ကြားခြင်းဆိုတာ မြန်မာနိုင်ငံမှာ ဘယ်နေရာမဆို တွေ့မြင်နိုင်ပါတယ်။ ဒါတွေကို မိဘဆရာတွေ၊ လူကြီးသူမတွေက နေ့စဉ်သင်ကြားပေးနေတာပဲ ဖြစ်ပါတယ်။ ပြည်သူ့နီတိ၊(၃၈)ဖြာမင်္ဂလာတရားတော်၊ ဇာတ်နိပါတ်တော်တွေဟာ နှလုံးသားကို ပညာသင်ပေးနေတာတွေဖြစ်ပါတယ်။ အယူအဆတွေ ကွဲပြားနေပေမယ့် နှလုံးသားကို ပညာသင်ကြားပေးခြင်းကတော့ အတူတူပဲ ဖြစ်ပါတယ်။ ကလေးတွေဟာ နောင်တစ်ချိန်မှာ နိုင်ငံတော်ကို ဆက်လက်ဦးဆောင်ကြမယ့် မျိုးဆက်သစ်တွေ၊ နိုင်ငံတော်ရဲ့ အင်အားတွေပဲဖြစ်ပါတယ်။ သူတို့ကို ပြုစုပျိုးထောင်ဖို့ စာရေးသူတို့ ဆရာ ဆရာမတွေမှာ တာဝန်အပြည့်အဝရှိပါတယ်။ ဆရာကောင်း တပည့်ဖြစ်မှ ပန်းကောင်း ပန်နိုင်ပါမယ်။ ပြည့်ဝတဲ့ ဆရာစိတ်နဲ့ ကလေးတွေကို ဘက်စုံဖြည့်ဆည်းသင်ကြားပေးမှု၊ လမ်းကြောင်းအမှန်ကို လျှောက်လှမ်းနိုင်အောင် တည့်မတ်ပေးမှ နောင်တစ်ခေတ်ရဲ့ လူချွန်လူကောင်းလေးတွေဖြစ်နိုင်ပါမယ်။** ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ ဆရာ ဆရာမတွေဟာ ကြီးမားတဲ့ မဏ္ဍိုင်ဖြစ်နေတာကြောင့် စာရေးသူတို့ ဆရာ ဆရာမတွေ ကြိုးစားကြပါစို့၊ ကလေးငယ်တွေရဲ့ နှလုံးသားကို **"ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း"**ဆိုတာဖြစ်အောင် ပညာသင်ကြားပေးကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ပါတယ်။ ။

ရွှေနေချုပ်ရုံးဓမ္မာရုံ၌ဝါတွင်းကာလ ဒေါက်တာမင်းတင်မွန်တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း(၂)လမ်းထောင့် ရွှေနေချုပ်ရုံး ဓမ္မာရုံတွင် ဩဂုတ် ၁၄ ရက် (စနေနေ့)ည ၇နာရီတွင် မဟာသဒ္ဓမ္မ ဇောတိကဓဇ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခ ဒေါက်တာမင်းတင်မွန်က **မြတ်ဓမ္မ** ဗုဒ္ဓတရားတော်ကို ဟောပြောမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ လာရောက်နာယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပေးအပ်

ဒဂုံမြို့သစ် (မြောက်ပိုင်း) အမက(၉)၌ကျင်းပသော သတ္တမအကြိမ်မြောက် ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် အမှတ်(၄၄)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းက ကျောင်းသားတစ်ဦးအားပေးအပ်စဉ်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောမည်

ရန်ကုန် ဩဂုတ် ၁၃

၁၃၆၈ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့ (ဩဂုတ် ၁၅ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဦးစီးပဓာနနာယက ယောဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ)နှင့် ညနေ ၃ နာရီတွင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာ ဘိဝံသတို့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟုသိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် သန်လျင်ခဲမဖြူသန့်စင်စက်ရုံစစ်ဆေး ထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၁၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းလိုက်ပါလျက် ဩဂုတ် ၁၀ရက် မွန်းလွဲပိုင်းက သန်လျင်မြို့နယ်ရှိ ခဲမဖြူသန့်စင်စက်ရုံသို့ ရောက်ရှိရာ စက်ရုံခန်းမ၌စက်ရုံမှူးက သတ္တုသန့်စင်ကျိုချက်နေမှုနှင့် အင်နုတ်ပြားများ ထုတ်လုပ်နေမှုအခြေအနေတို့ကို တင်ပြကြရာ ဝန်ကြီးက မီးထိုးဆီအစား ဓာတ်ငွေ့ဖြင့် ကျိုချက်သန့်စင်ရာ၌ ကုန်ကျစရိတ်နှင့် ရရှိသည့် သတ္တုပမာဏ ထုတ်လုပ်မှု၊ တိုးတက်မှုအခြေအနေ၊ နိုင်ငံခြားငွေ ပိုမိုရရှိနိုင်သည့် အခြေအနေ၊ အကျိုးအမြတ် အသေးစိတ်ကို ပြန်လည်သုံးသပ် တင်ပြကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် သန့်စင်စက်ရုံ၏ ထုတ်လုပ်ပြီးအင်နုတ်ပြားများ၊အင်နုတ်ပြားပုံဖော်စက်နှင့် တစ်ရက်လျှင် ငါးတန်ကျ မီးဖိုပြုပြင်နေမှု၊ ဘေးထွက် ချော်ချေးများမှ သတ္တုပြန်လည်ထုတ်ယူရန် တစ်ရက်တစ်တန်ကျ မီးဖိုငယ် ကျိုချက်သန့်စင်မှုအခြေအနေ၊ စက်ရုံသုံးပစ္စည်းများပြန်လည်ပြင်ဆင်ထုတ်လုပ်နေမှုနှင့်ပုံသွန်းလောင်းစက်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး မှာကြားသည်။ ထို့နောက် မိသားစုသက်သာချောင်ချိရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ခင်းများ စိုက်ပျိုးထားရှိမှုများကိုလိုက်လံကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် သာကေတမြို့နယ်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ရောက်ရှိသည်။

ဝန်ကြီးသည် ဓာတ်ခွဲစမ်းသပ်ခန်း၌ အိုင်အိုဒင်းဆားများ အရည်အသွေး ဓာတ်ခွဲစမ်းသပ်နေမှု၊ အိုင်အိုဒင်းပါဝင်မှုနှုန်း၊ ဓာတ်ခွဲစမ်းသပ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆားကြမ်းမှ ဆားချောအဖြစ် ကြိတ်ခွဲသန့်စင်သည့် ဆားကြိတ်စက်ရုံ၊ ဓာတ်ဆားမှုန့်ထုတ်လုပ်သည့် စက်ရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေး ပြည့်မီသည့် ဆားနှင့် ဓာတ်ဆားမှုန့်များထုတ်လုပ်၍ ပြည်သူလူထု သက်သက်သာသာဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေး ဖြန့်ဖြူးရောင်းချပေးသွားရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရားဖြူကျောင်းတိုက်အတွင်း တည်ဆောက်ဆဲ သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန် နိုင်ငံတော်ဩဝါဒါစရိယအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာပဏ္ဍိတဘုရားဖြူဆရာတော်ကြီးအားကွယ်လွန်သူမိခင်ကြီးဒေါ်ခင်ရီအားရည်စူး၍ ဦးဝင်းကြည်-ဒေါ်မြမြဆင့်၊ သားမောင်ကျော်မြတ်သူ၊ သမီးမအေးမြသန္တာတို့က အလှူတော်ငွေကျပ်သုံးသိန်း လှူဒါန်းစဉ်။ (က-ပ)



တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ဝိုင်း ပရိယတ္တိနယူပဒေသသိပ္ပမဉ္ဇူစာသင်တိုက်တွင် ဩဂုတ် ၈ ရက်က ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် စာမေးပွဲအောင် စာသင်သားတို့အား ဆုနှင်းပွဲ အခမ်းအနား ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ (စာရေးဆရာ စိတ်မိုး)ထံ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းလှမောင်ကြီးက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၁၉၂)

ဩဂုတ်၁၁ရက်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် သဃ်္န်းကျွန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၂)မှ ကျောင်းသူကျောင်းသားများအား အလှူရှင် ဦးခင်မောင်ညွှန့်-ဒေါ်မြဒေလီ၊ သား စတုတ္ထတန်းမှ မောင်ကောင်းဆက်သွင်တို့က ကြက်သားဆန်ပြုတ် အာဟာရတိုက်ကျွေးရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်သန်းအေးနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန် ဖိနပ်၊လက်အိတ်၊နှာခေါင်းစည်းနှင့် ဆေးဖျန်းပုံးများပေးအပ်

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယမန်နေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ အင်းစိန်၊မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ တိုက်ကြီး၊ မှော်ဘီ၊ ထန်းတပင်၊ လှည်းကူးနှင့် ဆိပ်ကမ်းမြို့နယ်တို့မှ ပြည်သူ့အကျိုးပြု ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၃၄၂၅၀၀ တန်ဖိုးရှိ ဖိနပ်၊ လက်အိတ်၊ နှာခေါင်းစည်းနှင့် ဆေးဖျန်းပုံးများကို သက်ဆိုင်ရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးများသို့ ထောက်ပံ့ပေးအပ်သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါတို့သည် ယမန်နေ့ မွန်းလွဲပိုင်းက လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ လသာမြို့နယ် အမှတ်(၄) ရပ်ကွက် လမ်း(၂၀)အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းအကြား ရေပိုက်လိုင်း အသစ်လဲလှယ်ရေး ဆောင်ရွက်ရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ လမ်း(၂၀)ရှိ ပြည်သူများ အသုံးပြုလျက်ရှိသော ရေပိုက်များသည် အချင်းခြောက်လက်မရှိ သံကြွပ်ပိုက်များဖြစ်၍ နှစ်ပေါင်းအတန်ကြာက ဆောင်ရွက်ထားရှိမှုကြောင့် သံချေးများဖြင့် ပိတ်ဆို့နေပြီး ယခုကဲ့သို့ ဆေးကြောသန့်စင်ကာ သံကြွပ်ပိုက် အရှည်ပေ ၈၂၀ အစားထိုးလဲလှယ်ပေးမှုကြောင့် ပြည်သူများကျန်းမာရေးနှင့်အညီ သန့်ရှင်းကြည်လင်သည့် သောက်သုံးရေသန့်များ ရရှိတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် အလှူရှင်များကစာအုပ်မျိုးစုံပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဩဂုတ်၁၁ရက် နံနက်ပိုင်းက ဗိုလ်ချို(၁) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဗိုလ်ချို(၁) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဌေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းဝင်း (လူမှုထူးချွန်တတိယဆင့်) နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ရှေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌဦးသိန်းဝင်း (လူမှုထူးချွန်တတိယဆင့်)ကအဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောသည်။

လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် အလှူရှင်သုံးဦးက စာအုပ်မျိုးစုံ ၁၀၀ ကျော်လှူဒါန်းရာ ဥက္ကဋ္ဌဦးသိန်းဝင်း (လူမှုထူးချွန်တတိယဆင့်)က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြောက်ပိုင်းခရိုင် ယာဉ်လိုင်းအမှတ်၁၂၁/၁၂၃ ခရီးသည်ပို့ဆောင်ရေး(အောင်မင်္ဂလာ) ယာဉ်လိုင်းမှယာဉ်ပေါ်ပါခါးပိုက်နှိုက်များအားကူညီဖမ်းဆီးဖော်ထုတ်ခဲ့သော ယာဉ်မောင်း ဦးအောင်ဇေယျာနှင့် ယာဉ်နောက်လိုက် ကိုစန်းလွင်တို့အား ဂုဏ်ပြုလက်မှတ်ဖြင့် ဆုငွေများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၁၀ရက်က မင်္ဂလာဒုံမြို့နယ်အောင်မင်္ဂလာ ယာဉ်လိုင်းရုံးခန်းမ၌ကျင်းပရာအသင်းဥက္ကဋ္ဌဦးလှမြင့်က ဂုဏ်ပြု ဆုငွေများပေးအပ်ချီးမြှင့်စဉ်။ (၃၆၃)

ဘရူနိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၀၄ ခုနှစ် အာဆီယံလူငယ်နေ့ အစည်းအဝေးနှင့် အာဆီယံလူငယ် စီးပွားရေးစွမ်းဆောင်မှုဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ၏လူငယ် စီးပွားရေးစွမ်းဆောင်မှုဆုတက်ရောက်ယူရန် ထွက်ခွာသွားသော မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အကြံပေး အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့အား အသင်းဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်နှင့် အလုပ်အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (က-ပ)

အီရတ်နှင့်ပါရာဂွေးအနိုင်ရပြီး အီတလီနှင့်မော်ရိုကိုသရေကျ
အုပ်စု(က)နှင့်(ဂ)တို့ အုပ်စုဒုတိယပွဲစဉ်များယနေ့ကစားမည်



သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၃

အေသင်အိုလံပစ် အားကစားပွဲတော်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ကျင်းပလျက်ရှိရာ ဩဂုတ် ၁၂ ရက်ကကစားခဲ့သော အုပ်စု(ဃ)မှ ကော်စတာရီကာနှင့်မော်ရိုကိုတို့ပွဲတွင် ဂိုးမရှိသရေကျပြီးအီရတ်နှင့် ပေါ်တူဂီတို့ပွဲ၌ အီရတ်ကပေါ်တူဂီကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ခ)မှ ပါရာဂွေးနှင့် ဂျပန်တို့ပွဲတွင် ပါရာဂွေးက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ဂါနာ နှင့်အီတလီတို့ပွဲတွင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ယနေ့ယှဉ်ပြိုင်မည်

အေသင်အိုလံပစ် အားကစားပွဲတော်ဘောလုံးပွဲစဉ်များကိုဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(က)မှ အုပ်စုဒုတိယပွဲစဉ်များအဖြစ် ဂရိနှင့်မာလီ၊ တောင်ကိုရီးယားနှင့် မက္ကဆီကို၊ အုပ်စု(ဂ)မှ အုပ်စုဒုတိယပွဲစဉ်များအဖြစ် ဆာဘီးယားနှင့်-ဩစတြေးလျ၊ အာဂျင်တီးနားနှင့် တူနီးရှားအသင်းတို့ ဩဂုတ် ၁၄ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စု(က)မှ ဂရိနှင့် မာလီတို့ အုပ်စုဒုတိယပွဲစဉ်အဖြစ် ကစားရမည်ဖြစ်ကာ ဂရိမှာ အုပ်စု(က)အဖွင့်ပွဲစဉ်၌ တောင်ကိုရီးယားနှင့် ကစားခဲ့ရာတွင် တောင်ကိုရီးယားတို့၏ ထိုးဖောက်ကစားမှုကို ပွဲချိန်အတော်တော်များများ ခံနေရပြီး တောင်ကိုရီးယားတို့၏ ဦးဆောင်ဂိုးသွင်းမှု ခံရသည့်အပြင် ဗီရင်ထရာ၏ ကိုယ့်ဂိုးကိုယ်သွင်းမှုကြောင့် နှစ်ဂိုးအသာဖြင့် ကစားခံရပြီး နောက်မှအသည်းအသန် ချေပဂိုးများ လိုက်သွင်းပြီး မရှုံးအောင်မနည်းကြီးကြိုးစားခဲ့ရသည်။

အပြင်းအထန်ကြိုးစားရမည်

အိမ်ရှင်ဂရိတို့၏ အိုလံပစ်ပြိုင်ပွဲဝင် ခြေစွမ်းမှာ အားရဖွယ်မရှိပေ။ ဂရိရှေ့တန်းမှ ပါပါဒိုပေါလော့စ်နှင့် ထရာလီဒစ်တို့ဂိုးသွင်းစွမ်းရည်ကောင်းသော်လည်း အလယ်တန်းပံ့ပိုးမှု အားနည်းနေသည်ဖြစ်ရာ တန်ပြန်တိုက်စစ်တွင် လိုက်ပါပံ့ပိုးနိုင်မှုကောင်းမွန်ရန် လိုအပ်နေသည်။ လက်ရှိအနေအထားအရ ခြေစွာနေသော မာလီကို အနိုင်ရရန် အပြင်းအထန် ကြိုးစားရမည် ဖြစ်သည်။

အကြိတ်အနယ်ပြိုင်ရမည်

မာလီအသင်းသည် အုပ်စုပထမပွဲစဉ်တွင် မက္ကဆီကိုနှင့် ဂိုးမရှိသရေကစားနိုင်ခဲ့ရာ မာလီ၏ ခြေစွမ်းကို အထင်သေး၍မရပေ။ မာလီအသင်း မက္ကဆီကိုနှင့် ကစားသည့်ပွဲ၌ ခြေစစ်ပွဲများတွင် လေးဂိုးသွင်းထားနိုင်ခဲ့သော စီဒီဘီ မပါဝင်ခဲ့ရာ ယခုပွဲတွင် ထည့်သုံးမည်ဖြစ်သည်။ မာလီအသင်းတွင် ဒိုင်ရာလို၊ ကီဘီနှင့် ဆစ်ဆိုကိုတို့ အတွဲညီညီ ထိုးဖောက်ကစားနိုင်ရာ အများအယွင်းလုပ်တတ်သော ဂရိနောက်တန်းခံစစ်မှူးများ အထူးသတိထား ကစားရမည်ဖြစ်သည်။ သို့သော်အိုလံပစ်သမိုင်းတွင် မာလီတို့ အစဉ်အလာကောင်း မရှိခဲ့ရာ အိမ်ရှင်ဂရိတို့ အားသာချက် ရှိနေသည်။ လောလောဆယ်တွင် ဂရိနှင့် မာလီတို့ တစ်ပွဲစီကစားပြီးဖြစ်ရာ တစ်မှတ်စီ ရရှိထားကြသဖြင့်အနိုင်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(က)ဒုတိယပွဲစဉ်အဖြစ် တောင်ကိုရီးယားနှင့် မက္ကဆီကိုတို့

ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ တောင်ကိုရီးယားသည် အိမ်ရှင်ဂရိနှင့် အုပ်စုအဖွင့်ပွဲစဉ်၌ နှစ်ဂိုးစီသရေကျပြီး တစ်မှတ်ရရှိထားသော အသင်းဖြစ်သည်။ အိုလံပစ် အာရှဇုန်ခြေစစ်ပွဲ ခြောက်ပွဲကစားခဲ့ရာတွင်လည်း ရှုံးပွဲမရှိ၊ ပေးဂိုးမရှိဖြင့် ခြောက်ပွဲစလုံး အနိုင်ရရှိကာ အေသင်အိုလံပစ်သို့ ရလဒ်ကောင်းများ သယ်ဆောင်လာသောအသင်းဖြစ်သည့်အပြင် အိမ်ရှင်ဂရိကို ခြေအသာဖြင့်သရေကစားနိုင်ခဲ့သော အသင်းလည်းဖြစ်သည်။ အိုလံပစ်သမိုင်းတွင် ခြေစစ်ပွဲ ငါးကြိမ်အောင်ပြီး ပါဝင်ဆင်နွှဲခဲ့ဖူးသော အတွေ့အကြုံရှိသည့် အသင်းဖြစ်သော်လည်း လက်ရှိအနေအထားတွင် မက္ကဆီကိုအား အနိုင်ရရှိရန် တော်ရုံကြိုးစား၍ ရမည်မဟုတ်ပေ။

ခက်ခက်ခဲခဲကစားရဖွယ်

တောင်ကိုရီးယားနှင့် ကစားရမည့် မက္ကဆီကိုအသင်းမှာ အုပ်စုအဖွင့်ပွဲစဉ်၌ မာလီအသင်းကို ဂိုးမရှိသရေကစားခဲ့သဖြင့် တစ်မှတ်ရရှိထားသော အသင်းဖြစ်သည်။ မက္ကဆီကိုအသင်းသည် အိုလံပစ်သမိုင်းတွင် ကိုးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသောအသင်းဖြစ်ပြီး ၁၉၆၈ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော အိုလံပစ်ပွဲတော်၌ စတုတ္ထရရှိခဲ့သော မှတ်တမ်းကောင်းရှိနေပြီး ယခုလက်ရှိ မက္ကဆီကိုအသင်းတွင်လည်း ဂါလင်ဒို၊ မာတီနက်ဇ်၊ ပီရက်ဇ်နှင့် ဆန်ချက်ဇ်တို့က နားလည်မှုရှိရှိဖြင့် တစ်ဖက်အသင်းကို အုပ်စုဖွဲ့ထိုးဖောက်ကစားနိုင်ကြသည်။ လက်ရှိခြေစွမ်းအရ တောင်ကိုရီးယားကို နိုင်ခြေရှိသော်လည်း ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။

အုပ်စု(ဂ)မှ ဆာဘီးယားနှင့် ဩစတြေးလျအသင်းတို့ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၁၄ ရက်**(ယနေ့)**တွင် ကစားရမည်ဖြစ်ရာ ဆာဘီးယားသည် အုပ်စုပထမပွဲစဉ်၌ နာမည်ကြီး အာဂျင်တီးနားနှင့် ကစားခဲ့ရာ ခြောက်ဂိုး-ဂိုးမရှိဖြင့် အရှုံးကြီး ရှုံးခဲ့သဖြင့် ဆာဘီးယားတို့ စိတ်ဓာတ်

> **အုပ်စု(ဃ)မှ ကော်စတာရီကာနှင့် မော်ရိုကိုတို့ပွဲတွင် ကော်စတာရီကာမှ ကာလိုစ်ဟာနန်ဒက်ဇ်(ယာ) ထိုးဖောက်ကစားမှုကို မော်ရိုကိုမှ အော့မန်အယ်အက်စ်က ဟန့်တားစဉ်။**
> (ဓာတ်ပုံ-အင်တာနက်)

နိမ့်ပါးလျက်ရှိနေရာ လက်ရှိခြေစွမ်းနှင့် ဩစတြေးလျတို့ကိုလည်း အနိုင်ကစားရန် မလွယ်ပေ။

သတိထားမှတော်ကာကျမည်

သို့သော်အိုလံပစ်သမိုင်းတွင် ဆာဘီးယားတို့ ၁၁ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရပြီး ၁၉၆၀ အိုလံပစ်ပွဲတော်၌ ဗိုလ်စွဲခဲ့ဖူးသောအသင်းဖြစ်သဖြင့် အစဉ်အလာရှိသော အသင်းဖြစ်သည်။ ထို့ပြင် ယခုနှစ် ဥရောပ ယူ(၂၁)ပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သော အသင်းမှ လူငယ်များကို အဓိကထားဖွဲ့စည်းထားသဖြင့် အင်အားတောင့်တင်းလျက်ရှိသော ဩစတြေးလျတို့ကို ခြေရည်တူကစားနိုင်ပြီး ဩစတြေးလျတို့ ပေါ့ဆစွာကစားမိပါက မထင်မှတ်သောအဖြေများ ပေါ်ထွက်လာနိုင်သဖြင့် သတိကြီးစွာကစားမှ တော်ကာကျမည်ဖြစ်သည်။

စတုတ္ထရခဲ့ဖူး

ဆာဘီးယားနှင့် ကစားမည့် ဩစတြေးလျအသင်းမှာ အုပ်စု(ဂ) အုပ်စုအဖွင့်ပွဲစဉ်တွင် တူနီးရှားအသင်းကို တစ်ဂိုးစီသရေကစားပြီး တစ်မှတ်ရရှိထားသောအသင်းဖြစ်သည်။ တူနီးရှားနှင့် ကစားခဲ့သည့် ဩစတြေးလျ ခြေစွမ်းမှာ အားရဖွယ်မရှိပေ။ ဩစတြေးလျတွင် လောလောဆယ် အက်ဒရင်မာဒါစီ၊ ကရင်န်မိုး၊ ဂျွန်အလိုစီနှင့် ဗာလီရီတို့ ခြေစွမ်းပြကစားနိုင်သော်လည်း တစ်ဖက်နောက်တန်းကို ထိုးဖောက်ကစားနိုင်မှု အားနည်းလျက်ရှိသည်။အိုလံပစ်သမိုင်းတွင် ဩစတြေးလျတို့ ငါးကြိမ်ခြေစစ်ပွဲအောင်ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးရာ ၁၉၉၂ ခုနှစ် ဘာစီလိုနာ အိုလံပစ်၌ စတုတ္ထရရှိခဲ့ဖူးသော ရလဒ်ရှိနေသည့်အသင်းဖြစ်သည်။

ယခုနှစ် အိုလံပစ်ဝင် ဩစတြေးလျအသင်းခြေစွမ်းမှာ ကောင်းလှသည်မဟုတ်ရာ အသင်းလိုက် စုစည်းမှုကောင်းသော်လည်း ထိုးဖောက်ဂိုးသွင်းနိုင်မှုတွင် အားနည်းချက်များရှိဆဲဖြစ်ပြီး ဆာဘီးယားကို အနိုင်ရရှိရန် အပြင်းအထန် ကြိုးစားကစားမှသာ နိုင်ခြေရှိသည်။

ဂိုးသွင်းစွမ်းရည်ရှိ

အုပ်စု(ဂ)မှ အုပ်စုဒုတိယပွဲစဉ်အဖြစ် အာဂျင်တီးနားနှင့် တူနီးရှားတို့**(ယနေ့)**ကစားရမည်ဖြစ်ရာ အာဂျင်တီးနားက အုပ်စု(ဂ)ပွဲဦးထွက်တွင် ဆာဘီးယားကို ခြောက်ဂိုးပြတ်သွင်းယူနိုင်ပြီး သုံးမှတ်အပြည့် ရယူလိုက်ရာ အိုလံပစ်ပြိုင်ပွဲဝင် ပြိုင်ဘက်အသင်းများ အံ့အားသင့်သွားအောင် ခြေစွမ်းပြသခဲ့သည်။အာဂျင်တီးနားတို့ တစ်ဦးချင်းနှင့် အသင်းလိုက်တွင်ပါ စွမ်းရည်မြင့်မားပြီး ထိုးဖောက်ကစားနိုင်ကြရာ အာဂျင်တီးနား တိုက်စစ်မှူးများဖြစ်သော ဂွန်ဇာလက်စ်၊ တီဗက်ဇ်နှင့် ဟိန့်ဇ်တို့က ဂိုးသွင်းစွမ်းရည်ထက်မြက်ပြီး ကြုံသလိုဂိုးသွင်းနိုင်ကြသည်။

အနိုင်ကစားမည်

အာဂျင်တီးနားသည် အိုလံပစ်သမိုင်းတွင် ခြောက်ကြိမ်ပါဝင်ယှဉ်ပြိုင်ကစားခဲ့ဖူးပြီး ၁၉၈၂ အမ်စတာဒမ်အိုလံပစ်၌ ငွေတံဆိပ်ရရှိခဲ့သည့်အသင်းဖြစ်ရာ လက်ရှိတွင်ချန်ပီယံအဖြစ် ရေပန်းအစားဆုံးအသင်းလည်းဖြစ်သည်။ တူနီးရှားကို အနိုင်ကစားနိုင်သောခြေစွမ်း အာဂျင်တီးနားတို့၌ ပိုင်ဆိုင်ထားရာ အုပ်စုမှတက်ရန် တူနီးရှားကို အနိုင်ကစားမည်ဖြစ်သည်။

အလေးထားကစားရမည်

ချန်ပီယံအဖြစ် ရေပန်းစားနေသော အာဂျင်တီးနားနှင့် ကစားရမည့် အသင်းဖြစ်သည့် တူနီးရှားအသင်းသည် အုပ်စု(ဂ)အဖွင့်ပွဲစဉ်၌ ဩစတြေးလျကို တစ်ဂိုးစီသရေ ကစားထားရာ ယခုပွဲအနိုင်ရရှိရန် အစွမ်းကုန်ကြိုးစားကစားရမည်ဖြစ်သည်။အိုလံပစ်သမိုင်း၌ တူနီးရှားတို့ တန်းဝင်သောအဆင့်မရှိချေ။ သို့သော် အုပ်စု(ဂ)အဖွင့်ပွဲစဉ်၌ ဩစတြေးလျကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးများဖြစ်သည့် ဂျီဒီဒီ၊ ဘင်ယာဟိုင်ယာနှင့် ဇိုင်တွန်နီတို့က ဩစတြေးလျနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ကြသည်။ ထို့ပြင် အာဖရိကဇုန် ခြေစစ်ပွဲများတွင် ခြေစွမ်းပြနိုင်ခဲ့သော တူနီးရှားကို အာဂျင်တီးနားတို့ လျှော့တွက်မိပါက ပွဲအဖြေတစ်မျိုးပြောင်းသွားနိုင်သည်ရှိရာ အလေးထားကစားရမည်ဖြစ်သည်။

အေသင်အိုလံပစ် အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ၏ အုပ်စု(က)နှင့်(ဂ)ဒုတိယပွဲစဉ်များ ကစားပြီးလျှင် အုပ်စုမှတက်မည့်အသင်းများ ရုပ်လုံးပေါ်လာတော့မည်ဖြစ်ရာ မည်သည့်အသင်းများ ဖြစ်လာမည်ကို မကြာမီ သိရှိရတော့မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အင်းစိန်မြို့နယ် အလက (၄)၏ လဝန်းအိမ်စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၁၁ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ပညာရေးမှူး ဦးရန်နောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ၊ ရန်ကုန် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင် ပြန်/ဆက်)

ကနေဒါအေအိုင်အေဘော်လီဘောအသင်း ချစ်ကြည်ရေးလက်ရည်စမ်းရန်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ-ကနေဒါနှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင် အသင်းများနှင့် လက်ရည်စမ်းပွဲကစားရန် အေအိုင်အေအမျိုးသားဘော်လီဘောအသင်းသည် ယနေ့ည ၆နာရီခွဲက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစိုးသိမ်း၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းများ၏ အဖွဲ့ခေါင်းဆောင် ဦးစိန်သောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ပုံ)**

လက်ရည်စမ်းပွဲကစားမည့် အေအိုင်အေဘော်လီဘောကလပ်အသင်းတွင် အဖွဲ့ခေါင်းဆောင် Mr. Dave Johns ဦးဆောင်ပြီး နည်းပြချုပ်တစ်ဦး၊ လက်ထောက်နည်းပြတစ်ဦး၊ အကြောဘက်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးနှင့် အားကစားသမား၁၀ဦး စုစုပေါင်း ၁၄ဦး လိုက်ပါလာကြသည်။ အေအိုင်အေအသင်းတွင် ၂၀၀၃ခုနှစ် ကမ္ဘာ့ကျောင်းသားဘော်လီဘောပြိုင်ပွဲဝင် အားကစားသမား၊ သဲသောင်ပြင် လူငယ်ဘော်လီဘောပြိုင်ပွဲ ကြေးတံဆိပ်ဆုရ ကစားသမားတို့ ပါဝင်လာကြသည်။

လက်ရည်စမ်းပွဲများအဖြစ် ဩဂုတ်၁၄ရက်တွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အေအိုင်အေအသင်း၊ ဩဂုတ်၁၆ရက်တွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်းနှင့် အေအိုင်အေအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ လက်ရည်စမ်းပွဲကို အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် ညနေ၃နာရီ၌ စတင်ကျင်းပမည်ဖြစ်သည်။

ဘော်လီဘောအားကစား ဝါသနာရှင်များအနေဖြင့် လက်ရည်စမ်းပွဲနှစ်ပွဲစလုံးကို အခမဲ့ကြည့်ရှုနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) ၁-၁-၂၀၀၅ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် **၈-၉-၂၀၀၄** ရက်နေ့မှ စတင်၍ အခမဲ့ရယူပြီး **၈-၁၀-၂၀၀၄** ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၁၆-၁၀-၂၀၀၄** ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **ဇီဝဗေဒ** ။ နေ့လယ် (၁) နာရီ မှ (၃) နာရီထိ။

၅။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းများကို တိုင်းစစ်ဌာနချုပ်များတွင် **၁၈-၁၁-၂၀၀၄** ရက်နေ့မှ **၂၁-၁၁-၂၀၀၄** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားသွားမည်။ ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ်ပထမနှစ်(၅၀၀ဝိ/-)၊ ဒုတိယနှစ်(၅၁၀ဝိ/-)၊ တတိယနှစ်(၅၂၀ဝိ/-) စတုတ္ထနှစ်(၅၃၀ဝိ/-)ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B. N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B. Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ) B.P.Sc (Med. Tech) Bachelor of Paramedical Science (Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) B.P.Sc (Radiography) Bachelor of Paramedical Science (Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) B.P.Sc (Physiotherapy) Bachelor of Paramedical Science (Physiotherapy)

၈။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

မြန်မာ–ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

Myanmar P.G.Aနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် **Shwesaryan Open Golf Championship** ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲက မန္တလေးမြို့ **Shwesaryan Golf Resort** ၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းကစားအပြီး၌ **Professional Golfers** ပြိုင်ပွဲတွင် စိုးကျော်နိုင် (**Pan -West**)ကပင် ပထမနေ့ ပြိုင်ပွဲထက်လက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက်လေးချက်လျှော့ရိုက်ကာ (၇၁+၆၈) ပေါင်း ၁၃၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

စတုတ္ထလိုက်

ဇော်ဇော်လတ် (**Pan-West**) ကလည်း ပထမနေ့ပြိုင်ပွဲထက် အစွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက် သုံးချက် လျှော့ရိုက်ကာ (၇၃+၆၉) ပေါင်း ၁၄၂ချက်ဖြင့် ဒုတိယလိုက်ပြီး မင်းနိုင် (**Srixon**)က ပထမနေ့ပွဲထက် ပိုမိုကြိုးစားပြီးယှဉ်ပြိုင်ကစားရာ သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး (၇၄+၆၉)ပေါင်း ၁၄၃ ချက်ဖြင့် တတိယလိုက်ကာ၊ မြင့်ရွှေ (**Wilson**)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး(၇၉+၇၀) နှင့် အောင်ဝင်း (**Y.C.D.C**)က (၇၅+၇၄) ပေါင်း ၁၄၉ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

အမျိုးသား အပျော်တမ်း ပြိုင်ပွဲတွင် အောင်အောင်ကျော်က ပထမနေ့ ပြိုင်ပွဲထက် ခြောက်ချက်ပိုရိုက်ပြီး (၇၂+၇၈)ပေါင်း အချက် ၁၅၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

တတိယလိုက်နေ

သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး (၈၀+၇၁)နှင့် ဌေးအောင်ဌေးက (၇၈+၇၃) ပေါင်း ၁၅၁ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး ဘိုဘိုက (၇၄+၈၀) နှင့် မောင်လတ်က (၇၃+၈၁) ပေါင်း ၁၅၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. က ဖြစ်ပြီး Co-Sponsors များ ဖြစ်ကြသော Air Mandalay ,Tiger Beer, Alpine Drinking Water, Htoo Trading, KM Golf Centre၊ Maruman၊ Tour Stage, Srixon, Wilson, Grandslam (Munsing Wear), Accel International Co.Ltd.(Canon), Sedona Hotel (Mandalay), Sun Far Travels & Tours တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးပေးကြသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၇နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် Shwesaryan Open Golf Championship ပြိုင်ပွဲတွင် Professional Golfer ဇော်ပိုင်ဦး ယှဉ်ပြိုင်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဩဂုတ် ၉ ရက်က ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အဖြစ် အထက(၄) ဗိုလ်တထောင်တွင် ဦးအောင်ကျော်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုကျန်းမာ ပညာဌာန)က ဆေးလိပ်ကင်းဝေးကြီးပြင်းရေး ဟောပြောပွဲ ပြုလုပ်ရာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင်၊ ဒေါ်ရီရီ၊ ဗိုလ်တထောင်မြို့နယ် ပညာရေးမှူး ဦးကျင်အောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် တာဝန်ရှိဆရာမများ၊ ကျောင်းသူလေးများ တက်ရောက်ကြစဉ်။ (က–ပ)

သဲအင်းဂူခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသီဟနှင့် ဦးပညာသဒ္ဓိ(ပုသိမ်) အရှင်သူမြတ် နှစ်ပါးတို့က ဩဂုတ်၂၂ရက်မှ ၂၉ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်၍ သမထဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဩဂုတ် ၂၁ ရက် (စနေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

လောကနတ်အလှပညာဆိုင်ခန်းနှစ်ပတ်လည်ပန်းချီပြပွဲ

ရန်ကုန် ဩဂုတ် ၁၃

လောကနတ်အလှပညာဆိုင်ခန်း၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည်ပန်းချီပြပွဲကို ဩဂုတ် ၅ရက်မှ စ၍ ဖွင့်လှစ်ပြသလျက်ရှိသည်။

အဆိုပါပြပွဲတွင် လောကနတ် အလှပညာဆိုင်ခန်း အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမင်းနိုင်၊ ဦးလွန်းကြွယ်၊ ဦးကြည်ဝင်း၊ ဦးဘဝင်း၊ ဦးစောလှိုင်၊ ပုသိမ်မောင်မောင်သိန်း၊ မင်းစံချိန်၊ မြသောင်း၊ ဝင်းဖေမြင့်၊ ဖေညွန့်ဝေ၊ ချမ်းအေး၊ နန်းနန်း၊ မှတ်သုန်၊ သန်းဝင်းထွန်း၊ ညောင်လေးပင်သန်းဝင်း၊ မောင်သီဟနှင့် မောင်ဖေသဏ်းတို့၏ ပန်းချီလက်ရာ ၁၀၀ နှင့် ဧည့်ပန်းချီဆရာ ၆၀ တို့၏ လက်ရာမျိုးစုံ၊ အကြောင်းအရာမျိုးစုံ ပန်းချီကား ၆၀ စုစုပေါင်း ပန်းချီကား ၁၆၀ ကိုပြသထားသည်။

ပြပွဲကို ဒီဇင်ဘာ ၃၁ ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အခမဲ့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (၂၀၀၃–၂၀၀၄) ပညာသင်နှစ် အာစရိယပူဇော်ပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း(၂၀၀၃–၂၀၀၄) ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၁–၈–၂၀၀၄ (စနေနေ့)
ကျင်းပမည့်အချိန် – နံနက် ၈း၀၀နာရီ
ကျင်းပမည့်နေရာ – ပညာ့ဗိမာန်ခန်းမ လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်ပညာရေးတက္ကသိုလ်

မှတ်ချက် ။ ။ ကျောင်းသား ကျောင်းသူများသည် ၁၁–၈–၂၀၀၄ မှ ၂၀–၈–၂၀၀၄ အတွင်း အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း စာကြည့်တိုက်အပေါ်ထပ်ခန်းမသို့ လာရောက်ဆက်သွယ်ကြပါရန်။

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,23
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS,SAT (II) : AUG - 3,23,28
No.119, Y.W.C.A Building, Bogalayzay St, Botataung Tsp. 245821
No.190, 2nd Flr., 28th St: (Upper), Pabedan Tsp. ☎ 243950

ကိန္နရီ®

အဆင့်မြင့်ချည်ချောလုံချည်

"ကိန္နရီ" ချစ်သူများ သိရှိနိုင်ပါရန်
"ကိန္နရီ" အမှတ်တံဆိပ်ကို တုပ၍ဆင်တူယိုးမှားများပေါ်ပေါက်နေပါသဖြင့်
"ကိန္နရီ" ၏ ရေရှည်တွင်မည်သည့်စာသားမှ မပါရှိပါကြောင်းနှင့်
ပင်ရင်း "ကိန္နရီ" အထည်စက်၊ သဲတောမြို့မှသော စာတန်းကို
အထူးသတိပြု ဝယ်ယူအားပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပင်ရင်း – ကိန္နရီအထည်စက်၊ သဲတောမြို့ ။
ဖုန်း – ၀၆၄–၅၀၁၃၁ (သဲတော)၊ ၀၁–၅၂၆၂၂၂ (ရန်ကုန်)

ရွှေမာန်အောင်
ချွေးထုတ် ငန်းဆေး
အအေးမိ–ခေါင်းကိုက် ကိုယ်လက်ကိုက်ခဲခြင်းများနှင့် တုပ်ကွေးများများကို ပျောက်ကင်းစေပါသည်။

VICTORIA FANCY SHOP
ရွှေဂုံးညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမ၊ ကမာရွတ်မြို့နယ်။
ပြုံးပြုံးပျော်ပျော်ဈေးဝယ်ဖို့ "ဗစ်တိုးရီးယား" ကုန်တိုက်သို့ သွားကြစို့။
Open Daily - 9:00 Am ⇔ 9:00 Pm
☎ 515136, 505614

VICTORIA HYPER MART
EXCEL SHOPPING MALL (BASEMENT)
ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။
• နေ့ရက် - 14.8.2004 မှ 22.8.2004 ထိ •
• ကုန်ပစ္စည်းမျိုးစုံကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးနေပါပြီ... •
Open Daily-9:00 Am ⇔ 9:00 Pm
☎703778,559377, Ext : 6171

ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ၊ ကညွတ်ကွင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကမ္ဘည်းမော်ကွန်းကျောက်စာဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးတိုင်း ပဲခူးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဩဂုတ် ၉ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၌ ကျင်းပသော ပဲခူးတိုင်း ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ နှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ သို့ တက်ရောက်ပြီးနောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀ နာရီ မိနစ် ၂၀တွင် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာစွန့်ပစ် ပစ္စည်းသုံး သဘာဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံအတွက် လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းကပေးအပ်ရာ ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးအောင်ကျော်ဌေးက လက်ခံရယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဖွင့်ပွဲအခမ်းအနားပြုလုပ်မည့် ဆိုင်းဘုတ်ရှေ့၌ နေရာယူကြပြီး ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ကိုကိုက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စက်ရုံ၏ ဓာတ်အားပေးခလုတ်ကိုနှိပ်၍ ဘိုင်းဒါးကျေးရွာသို့ လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေးပြီး **(ယာအပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုစွန့်ပစ်စပါးခွံလောင်စာသုံးစွဲပြီး ပြည်သူများ တန်ဖိုးချိုသာစွာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန်ရည်ရွယ်၍ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုငွေကျပ် ၁၀၅ သိန်းဖြင့် ၂၀၀၄ ခုနှစ် မေ ၁၈ ရက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်ရုံမှ မြင်းကောင်ရေ ၁၀၀ အင်ဂျင်ဖြင့် ကီလိုဝပ် ၅၀ လျှပ်စစ်မီး ထွက်ရှိမည်ဖြစ်ပြီး ဘိုင်းဒါးကျေးရွာမှ ကျေးလက်နေပြည်သူ အိမ်ထောင်စု ၃၂၆ စုတို့အတွက် လေးပေမီးချောင်း အချောင်း ၁၂၅၀ ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အားပေးချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကြပြီး အဆိုပါအခြေခံပညာအလယ်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကမ္ဘည်းမော်ကွန်းကျောက်စာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

အစီအစဉ်အရ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကမ္ဘည်းမော်ကွန်းကျောက်စာဖွင့်ပွဲအခမ်းအနားကို ကျောင်းရှေ့ဥပစာ၌ကျင်းပရာ ရှေးဦးစွာ ထူးချွန်ထက်မြက်ကျောင်းသား ကျောင်းသူများက မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ဘည်းကျောက်စာတိုင်နှင့် ပညာရေးဆောင်ပုဒ်တို့ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ဘည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အလှူရှင်များဖြစ်ကြသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ငွေကျပ်သိန်း ၃၀ကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လည်းကောင်း၊ ပဲခူးမြို့မှ ဗိုလ်ကြီးမြင့်လွင်(အငြိမ်းစား)က ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ စာသင်ခုံ အစုံ ၉၀ နှင့်ကညွတ်ကွင်းမြို့မှ ဒေါ်စန်းကြည်က ကျောင်းတည်ဆောက်ရန်အတွက် မြေလေးဧကတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကလည်းကောင်း လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ နိုင်ငံတော်က ငွေကျပ်သိန်း ၁၆၀၊ကညွတ်ကွင်းဒေသခံပြည်သူများ၏ လှူဒါန်းငွေကျပ်သိန်း ၃၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၂၂၀ ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ရွှေဦးမြို့နယ်အသင်း(ရန်ကုန်)မှ ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော ရွှေဦးမြို့နယ်ဇာတိ ဆရာတော်ကြီးများအား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၇ ရက်တွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ နှင့် အသင်းသူ အသင်းသားများက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။

(က–ပ)



မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူသစ်တန်းနှင့် (ဂ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ဗထူး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသိန်းအောင်၊မန္တလေးတိုင်း အား/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်၊ မန္တလေးတိုင်း အား/ကာ သိပ္ပံ ကျောင်းအုပ်ကြီး ဦးဌေးအောင်နှင့် အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ကြပြီး လူသစ်တန်းလက်ဝှေ့ ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းနှင့် (ဂ) အဆင့် ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော မန္တလေး အားကစားနှင့် ကာယပညာသိပ္ပံ အသင်းတို့အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ဩဂုတ် ၁၁ရက် နံနက်က ဒဂုံမြို့နယ် ပြည်လမ်း အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် "ဒဂုံကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်" ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဗိုလ်ကြီးညိုသင်းအောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးခင်လှိုင်ထွဏ်းတို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက် အကြောင်း သိကောင်းစရာများ ဟောပြောသည်။ အဆိုပါစာကြည့်တိုက်အတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၃၀၀၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၀၀၀ စုစုပေါင်း ကျပ် ၃၃၀၀၀ ဖြင့် မတည်လှူဒါန်းကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

ချီဖွေမြို့တွင် ပန်းအလှပင်စိုက်ပျိုး

ချီဖွေ ဇူလိုင် ၃၀

ချီဖွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇူလိုင် ၁၈ရက်က ရုံးအတွင်း မိုးရာသီ ပန်းအလှပင် စိုက်ပျိုးခြင်း၊ မြေဆွေးမြေဩဇာထည့်ခြင်း လုပ်ငန်းများနှင့် ရုံးတွင်းရုံးပြင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရာ အငယ်တန်း အင်ဂျင်နီယာ–၃ ဦးယဉ်မင်းကျော်နှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အဖြစ် ဩဂုတ် ၁၀ရက်က သန်လျင်မြို့ မြို့ဟောင်းအလက တွင် ရန်ကုန် သွားဘက် ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒေါက်တာဌေးမြင့်ဦး(ကထိက–ကာကွယ်ရေးနှင့် လူထု သွားကျန်းမာရေးပညာဌာနခွဲ)ဦးဆောင်သော ဆရာဝန်များအဖွဲ့က ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်းကုသခြင်းဆောင်ရွက်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနဂ္ဂဟ စာလျှောက်ပွဲနှင့် စာပြန်ပွဲတော်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့၌ ၁၀ ရက်တိုင်တိုင် ကျင်းပရာ ဇူလိုင် ၆ ရက် က စာအောင် သံဃာတော်များအား ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်အုံးက အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၂၇)

မဏိဇောတနှစ်ထပ်ကျောင်းလှူဒါန်းပွဲ ကျောက်ပန်းတောင်းမြို့တွင်ကျင်းပ

ကျောက်ပန်းတောင်း ဇူလိုင် ၃၀

ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်(အောင်ပြည့်ချမ်းသာ) ပရိယတ္တိစာသင်တိုက်၌ အလှူရှင် မိတ္ထီလာမြို့ မကျီးကုန်းရပ်နေ ဦးရဲကိုကိုနှင့် ညီအစ်ကို မောင်နှမတစ်စုတို့ကလှူဒါန်းသော မဏိဇောတနှစ်ထပ် တိုက်ကျောင်း ရေစက်ချလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်က အဆိုပါ စာသင်တိုက်တွင်ကျင်းပသည်။

အခမ်းအနားသို့ အောင်ပြည့်ချမ်းသာ စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇဝန(ဘီအေ)အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။ ထို့နောက် အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မသာမိထံမှ ကိုးပါးသီလ ခံယူကြပြီး နှစ်ထပ်ကျောင်းဆောင်သစ်ကို အောင်ပြည့်ချမ်းသာ နာယကဆရာတော်ကြီးထံ လွှဲပြောင်း ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ဝ၆၁)**

ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ၌ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၉ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက ရွှေပျောက်ရပ်ကွက်ဥက္ကဋ္ဌထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည် ၈ မိုင် ၃ ဖာလုံရှိ အောင်ဟိတ်-ဆိပ်သာ ကျောက်ချောလမ်း အရှည် နှစ်မိုင်ရှိ ဘီးလင်း-စစ်ချောင်းလမ်းကို ပွင့်လင်းရာသီတွင် ကျောက်ချောလမ်းခင်းရေးအတွက် ကျောက်စုဆောင်းခြင်းလုပ်ငန်းအား ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင် ဦးဆောင်သော ကျောင်းကျန်းမာရေးအဖွဲ့ ဇူလိုင် ၇ရက်က သွေးလွန်တုပ်ကွေးနှင့်ဝမ်းပျက်ဝမ်းလျှော ရောဂါကြိုတင် ကာကွယ်ရန် ကျောင်းဝင်းအတွင်းရောင်းသော စားသောက်ဖွယ်များကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိရေး ကြည့်ရှုစစ်ဆေးကြစဉ်။ (၃၀၆)

ဟိုပုံးမြို့နယ် မိုးရာသီကောက်စိုက်ပြိုင်

ဟိုပုံး ဇူလိုင် ၂၀

ဟိုပုံးမြို့နယ်၏ ၂၀၀၄-၂၀၀၅ခုနှစ် မိုးရာသီ မြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၇ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီး အေးခိုင်နှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုးတို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲစည်းကမ်းနှင့် အမှတ်ပေးစနစ်တို့ကို မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးတိုးအောင်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲဝင်ကောက်စိုက်လုံမေများက ကောက်စိုက် စွမ်းရည်ပြိုင်ပွဲနှင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ဆုရကောက်စိုက်သမများအားဗိုလ်မှူးကြီးအေးခိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ဆည်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

တန့်ဆည် ဇူလိုင် ၂၅

တန့်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ဇူလိုင်၁၀ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ စတင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌအား ပြိုင်ပွဲဝင် ဘောလုံးအသင်း ၃၄ သင်းမှ အားကစားသမားများက အသင်းလိုက်ချီတက်အလေးပြုကြသည်။ ထို့နောက် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အက်တောအုပ်စုအသင်းနှင့် ဒေါင့်ကြီးအုပ်စု အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်တောအုပ်စု ဘောလုံးအသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၁ ရက်က ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ရန်ကုန်-မန္တလေးလမ်းမကြီး ဘေးဝဲယာတစ်လျှောက် ပြုလုပ်ထားသည့် ပန်းအုတ်ခုံများအတွင်း အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်မြင့်မြင့်မြိုင်နှင့် ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးဝင်းကျော်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ကျိုင်းတုံမြို့ သာယာလှပရေးအတွက် ဩဂုတ် ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ နောင်တုံကန်ပတ်လည် မြက်ဖြတ်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးပြုပြင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စုပေါင်းစိုက်ပျိုး

တပ်ကုန်းမြို့ အထက(၂)ကျောင်း၏ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၁၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုဝင်းနှင့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (၂၆၆)

မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေး အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုး

ညောင်လေးပင် ဩဂုတ် ၃

ညောင်လေးပင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက်အရိပ်ရပင်များစိုက်ပျိုးခြင်းကို ဩဂုတ်၁ရက်က ဂျို့ပင်ကျေးလက်ဖွံ့ဖြိုးရေး တာလမ်းမကြီးတစ်လျှောက် စုပေါင်း သစ်ပင် စိုက်ပျိုးကြသည်။

အခမ်းအနားသို့မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်ငွေ၊ ဦးမိုးလွင်နှင့် သစ်တောဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ဂျို့ပင်ဖွံ့ဖြိုးရေး တာလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးညွှန့်နှင့် ကော်မတီဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၅၀၀ကျော်ဖြင့် အရိပ်ရသစ်ပင်၄၀၀၀ကို ဖွံ့ဖြိုးရေးလမ်းဘေးဝဲယာတစ်လျှောက် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။ **(၁၃၄)**

ချစ်သူ ခင်သူ ရင်းနှီးသူသို့ ပေးရဲ့ရာ
အကောင်းဆုံး စာအုပ်လက်ဆောင်
သေနင်္ဂဗျူဟာ (ဒုတိယအကြိမ်)
ခေါင်းဆောင်သူ၏ လက္ခဏာများ
လောက စာတိုက် ပေါ်မှာ
ရဲရဲ ရင်ဆိုင် ဖြတ်သန်း
ချစ်နိုင် (စိတ်ပညာ)

အမည်ပြောင်း

သင်းသင်းကြိုင် SCG–၀၀၂၈၁၆ (ဘ)ဦးစိန်ထွန်းအား သင်းသင်းကြိုင် (ခ) နှင်းအိမ်ခိုင်ဝင်း (HNINEAIN KHINE WYNN)ဟု လည်းကောင်း၊ သင်းသင်းကြိုင်၏သမီးများဖြစ်ကြသည့် ရတနာနှင်းအိမ်ကို ရတနာနှင်းအိမ်ဝင်း (YADANA HNINEAIN WYNN)(ခ) ရတနာနှင်းအိမ်ဟုလည်းကောင်း၊ စန္ဒြာနန်းအောင်ကို စန္ဒြာနှင်းအိမ်ဝင်း (SANDRA HNINEAIN WYNN) (ခ) စန္ဒြာနန်းအောင်ဟုလည်းကောင်း (၃–၈–၂၀၀၄) ရက်နေ့မှစ၍ ပြောင်းလဲခေါ်ဆိုကြပါရန်။

သင်းသင်းကြိုင်(ခ)နှင်းအိမ်ခိုင်ဝင်း
ရတနာနှင်းအိမ်ဝင်း(ခ)ရတနာနှင်းအိမ်
စန္ဒြာနှင်းအိမ်ဝင်း(ခ)စန္ဒြာနန်းအောင်။

ဖခင်အမည်မှန်

မြောက်ဒဂုံ အထက(၃) နဝမ တန်း(I)မှ မဖြိုးသဥ္ဇာသိမ့်နှင့် ဆဋ္ဌမတန်း(F)မှ မောင်ငြိမ်းဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်စိန် CHK-၁၂၃၅၃၉ ဖြစ်ပါကြောင်း။

AMBUR ELECTRONIC ၏ ဘိမ်ဆုံးချော်စေစ်ပစ္စည်း ဈေးချောင်းပွဲ
(၁၄–၈–၂၀၀၄) (စနေနေ့) နှင့် (၁၅–၈–၂၀၀၄) (တနင်္ဂနွေနေ့) တွင် JUNCTION 8 SHOPPING CENTRE မှာ ပြုလုပ်ပါမည်။
✲ ကြွရောက်ချီးမြှင့်ရန် ဖိတ်ခေါ်အပ်ပါသည်။ ✲
➢ AMBUR ELECTRONIC ၏ (၅) နှစ်ပြည့် အထူးအစီအစဉ်အတိုင်း ဆုလက်ဆောင်များ ရရှိပါမည်။

ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့်–၁၊ နည်းဥပဒေ–၈ အရ
တောင်ငူမြို့ မြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်–၃၅

အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊ (၁၆)ရပ်ကွက်၊ တောင်ငူမြို့။	**နှင့်**	ဒေါ်ခင်သက်မော်(ခ)မမော် အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊ (၁၆)ရပ်ကွက်၊ တောင်ငူမြို့။

၁။ ဦးကျင်စိန် ဒုဥက္ကဋ္ဌ
၂။ ဦးတန်အိကောင် အဖွဲ့ဝင်
၃။ ဦးစိန်မောင် အဖွဲ့ဝင်

တရားလိုများ **တရားပြိုင်**

တောင်ငူမြို့၊ ၁၆/၁၂၉ ရှိ အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသားများသိစေရန် ကြေညာပါသည်။

၁။ တောင်ငူမြို့၊ အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊ (၁၆)ရပ်ကွက်၊ အရှေ့ဘက်လားသော် မစန္ဒာဝင်းနှင့် မောင်ညွှန့်ဝင်း၊ အနောက်ဘက်လားသော် ဦးမောင်ကို–မခင်ဝင်း၊ တောင်ဘက်လားသော် ဈေးလမ်း၊ မြောက်ဘက်လားသော် မစန္ဒာဝင်းနှင့် မောင်ညွှန့်ဝင်း၊ အလားလေးရပ်အတွင်းရှိ အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း၊ အောက်ထပ်၊ ဝဲဘက်မှ ဒုတိယအောက်ထပ်တစ်ခန်းကို တရားပြိုင်အား ငှားရမ်းခဲ့ပြီး အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁)(က)၊ ဒုတိယပိုင်းနှင့် ၁၂(၁)(ဂ)အရ တရားစွဲဆိုခဲ့သည်ဖြစ်၍ အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသားများအနေဖြင့် ကန့်ကွက်ပြောဆို လိုသူများရှိပါက ဤရုံးတော်သို့ (၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်) နေ့တွင် လာရောက်၍ကန့်ကွက်ပြောဆိုနိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့်–၁၊ နည်းဥပဒေ–၁ နှင့် ၈ တို့အရ ကြော်ငြာလိုက်သည်။

၂။ ဤကြော်ငြာသတ်မှတ်သည့်နေ့ရက် နောက်ပိုင်းတွင် လာရောက်၍ ပြောဆိုကန့်ကွက်လာပါက ရုံးတော်အနေဖြင့် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုး(တ–၁၇၅၃)
မြို့နယ်တရားသူကြီး
တောင်ငူမြို့။

TOP ☎ 243363 705877

အမည်ဖြည့်စွက်ခြင်း

တပ်မတော်မှတ်တမ်းရုံးနေ အဖ ဦးလှမြင့် ၏သား မောင်ဖြိုးသက်ခိုင် ၁၂/ရကန(နိုင်) ဝ၆၆၆၅၂ ကိုင်ဆောင်သူအား ယနေ့မှစ၍ မောင်ဖြိုးသက်ခိုင် (ခ) မောင်အာအိုရ်ဖြိုးဟု ဖြည့်စွက်ခေါ်ယူပါရန်။

မောင်ဖြိုးသက်ခိုင်(ခ)အာအိုရ်ဖြိုး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်–၀၆၇၃၀၇မှာ ကျောက်တံတားမြို့နယ်အတွင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပါရန်။

ဦးတင်အောင်၊ အမှတ်၁၀၉၊ ပထမထပ် ၃၉လမ်း၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။

အမည်ပြောင်း

အဖ ဦးသန်းဝင်း၏သမီး အထက (၃) ဗဟန်း ပဉ္စမတန်း(A)မှ မမေမြတ်ကြူဝင်းအား မမေမြတ်ဖူးစံဟု ပြောင်းလဲခေါ်ပါရန်။

မမေမြတ်ဖူးစံ။

သားအဖြစ်မှစွန့်လွှတ်ခြင်း

လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် အိမ်အမှတ်(၂၂)နေ ဦးကျော်ဝင်း–ဒေါ်အေးအေးဆင့်တို့၏သား မောင်ဟိန်းထက်အောင် ၇/လပတ(နိုင်)၁၀၈၇၀၈ သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဦးကျော်ဝင်း
၇/လပတ(နိုင်)၀၀၂၀၈၂။

တရုတ်စာတန်းပါ ငါးရောင်းမည်

ရောင်စုံ၊ အရွယ်စုံ Cross breeding များ ရနိုင်ပါသည်။ အမှတ် (၆) ည၊ ဇီဇဝါလမ်း ပါရမီရိပ်သာ၊ ကမ္ဘာအေး။

ဖုန်း–၆၆၁၆၇၀။

THREE STAR

Air -Con၊ ရေခဲသေတ္တာ ပြုပြင်၊ တပ်ဆင်၊ ရောင်းဝယ်ရေး၊ (Good Second Air-Con)များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း–၇၀၅၇၈၄

ဒေါ်စန်းစန်းခိုင်နှင့်အပေါင်းအပါများနှင့် အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၄၇–ဘီ) ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင်၊ ၎င်းဥပစာအတွင်း၌ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သော လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်လုပ်ငန်းနှင့် ဆက်နွှယ်သော ကုန်ပစ္စည်းများ၊ အဆိုပါလျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်လည်ပတ်နိုင်သည့်ပစ္စည်းများ အားလုံးသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဒေါ်စန်းစန်းမြင့် ၁၂/ပဘတ(နိုင်) ၀၁၃၄၄၄မှ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ ကိုယ်တိုင်ဦးစီးလုပ်ကိုင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနှင့် ပစ္စည်းများဖြစ်ပါသည်။

၂။ သို့သော် ကျွန်ုပ်၏မိတ်ဆွေ တရားဝင်ပိုင်ဆိုင် လုပ်ကိုင်လျက်ရှိသော အဆိုပါလုပ်ငန်းကို ကျွန်ုပ်မိတ်ဆွေအား ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ဝင်ထွက်ခွင့်မရနိုင်အောင် ဒေါ်စန်းစန်းခိုင်နှင့် အပေါင်းအပါများမှ ပြုလုပ်ဆောင်ရွက်ခဲ့ကြသဖြင့် အဆိုပါလုပ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ်အတွင်း ကျွန်ုပ်အမှုသည်ပိုင်ဆိုင်သော အထက်အပိုဒ်(၁)ပါ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကိုလည်းကောင်း၊ အဆိုပါဥပစာ၌ ရပ်နားထားသော လုပ်ငန်းသုံးမော်တော်ယာဉ် (၆)စီးအားလည်းကောင်း ကျွန်ုပ်အမှုသည်၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုမပြုရန် သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်စောဦး (တရားရုံးချုပ်ရှေ့နေ)
လိုင်စင်အမှတ်–၆၇၀၂
ရုံး–အမှတ် ၅၀–ပထမထပ်၊ အခန်း (အေ–၁)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမျိုးအစား	အရေအတွက်	ယာဉ်တည်နေရာ
၁။	မော်တော်ယာဉ်မျိုးစုံ	(၂၁)စီး	ရန်ကုန်မြို့

၂။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်နေ့ = ၉–၈–၂၀၀၄ မှ ၂၃–၈–၂၀၀၄ ရက်နေ့အထိ (ရုံးချိန်အတွင်း)
၃။ တင်ဒါစတင်တင်သွင်းရမည့်နေ့ = ၁၀–၈–၂၀၀၄ နေ့မှစ၍ (ရုံးချိန်အတွင်း)
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ = ၂၄–၈–၂၀၀၄ နေ့ ၁၂း၀၀ နာရီ
၅။ တင်ဒါဖွင့်လှစ်ရောင်းချမည့်နေ့ = ၂၄–၈–၂၀၀၄ နေ့ ၁၃း၀၀ နာရီ
၆။ တင်ဒါတင်သွင်းရမည့်နေရာ = ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန(ရုံးချုပ်)၊ အမှတ် ၆၂၂ (ဒုတိယထပ်)၊ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် ရန်ကုန်မြို့။
၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၂၅၀၀ (ကျပ်နှစ်ထောင့်ငါးရာတိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ ဤဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ၏ ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များတွင် အသုံးပြုရန်လိုအပ်သည့် (Hologram Sticker) များအား အောက်ဖော်ပြပါ အရေအတွက်အတိုင်း ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ယာဉ်မောင်းလိုင်စင်(ဟိုလိုဂရမ်)ဒေါင်လိုက်	၃၀၀၀၀၀(သုံးသိန်း)
(ခ)	ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(ဟိုလိုဂရမ်)အဝိုင်း	၄၀၀၀၀၀(လေးသိန်း)
(ဂ)	ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)(ဟိုလိုဂရမ်)လေးဒေါင့်	၇၀၀၀၀၀(ခုနစ်သိန်း)

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၃၁–၈–၂၀၀၄ (အင်္ဂါနေ့) ၁၆း၀၀ နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၉–၉–၂၀၀၄ (ကြာသပတေးနေ့) ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၈–၈–၂၀၀၄နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

စီမံရေးရာဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၅၇၃၁၀၇၊၅၇၀၉၃၅။

FOREVER GROUP

DIPLOMA IN COMPUTER ARTS (Dip.CA)

Specialized in "Character Animation & Advanced Media"
Level 1. Graphic Production for Exporting any Media
Level 2. Video/Audio Production, Motion Graphics & Visual Effects
Level 3. Character Animation & Advanced Media

Specialized in "Multimedia & Infocom Technology"
Level 1. Graphic Production for Exporting any Media
Level 2. Rich Media Content Creation, Interactive TV & Streaming Video
Level 3. Multimedia & Information Communication Technology

Forever Group Co., Ltd.

MCC Budget Training Program

အထူးသက်သာသော သင်တန်းကြေး - ကျပ် ၅၀၀၀ မျှသာ

English Foundation Course

ဆိုရှယ်လ်စာ (Social & Business English) ကို အခြေခံမှု၍ စနစ်တကျ သင်ကြားပို့ချပေးမည်။

အပြည့်အစုံ (Student's book, Work book) များဖြင့်စနစ်တကျသင်ကြားပေးပါမည်။

အခြေခံပညာအထက်တန်းအဆင့်ရှိသူတိုင်းတက်ရောက်နိုင်ပါသည်။

သိမ်ကြီးဈေး (စီ) ရုံ၊ တတိယထပ်၊ ရွှေဂုံတိုင်ဘုရားလမ်း၊ ဖုန်း ၃၈၂၉၈၁၊ ၇၀၅၂၀၄



သတင်းကောင်း

Success Copier Group Ltd.

ရုံးချုပ်လိပ်စာ → Success Copier Group Ltd.

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လသာမြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ ယခုအခါ ၎င်းအခန်းအား တစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုပေးပါရန် လျှောက်ထားလာသဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးဌေးအောင် ၁၂/လသန(ပြု) ၀၀၀၄၈၇၃	ဒေါ်နွယ်နီစိုး ၁၂/လမတ(နိုင်) ၀၁၄၂၂၁	အမှတ်-၆၇၅ ၅-လွှာ မဟာဗန္ဓုလလမ်း လသာ
၂။	ဦးကြည်စိုး ၃/ဘအန (နိုင်) ၁၆၂၃၈၇		

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌

၂၀၀၄ ခုနှစ်တရားမအထွေထွေမှု အမှတ် (၁၀)။

ဒေါ်စိန်နု(ခ)ဒေါ်ဉာဏစာရီ
အမှတ် (၂၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

နှင့်

၁။ ဒေါ်မေမေတင်
၂။ ဦးခင်မောင်ထွန်း
၃။ ဒေါ်ခင်မေ
၄။ ဒေါက်တာဝေမာအောင်
၅။ ဒေါ်ရှုပါခင်
၆။ ဒေါ်သိန်းရွှေ
၇။ ဒေါ်ဥမ္မာအောင်
(လျှောက်ထားခံရသူအမှတ် ၂ မှ ၇ အထိတို့၏ ကိုယ်စားလှယ်စာရသူ ဒေါ်မေမေတင်)

(လျှောက်ထားသူ) **(လျှောက်ထားခံရသူများ)**

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာသေနတ်ပစ်ကွင်းအနီး ကရမက်လမ်း၊ အမှတ် ၁(၄)နေ လျှောက်ထားခံရသူများ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူက ဤရုံးတော်သို့ တရားမကျင့်ထုံး ဥပဒေအမိန့် (၄၇)၊ ပုဒ်မ(၁၁၄)အရ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၇)ရုံးတော်၏ ၂၀၀၃ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၄၄တွင် ချမှတ်ခဲ့သည့် ၂၅-၁၁-၂၀၀၃ နေ့စွဲပါ စီရင်ချက်အမိန့်နှင့် ဒီကရီအပေါ် ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးစေလိုသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်) နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြူကြူ (ဒုတိယခရိုင်တရားသူကြီး-၇)
အရှေ့ပိုင်းခရိုင်တရားရုံး။

သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်အောင်မင်းအေး(ခ)အန်းကူ ၁၂/ရကန(နိုင်) ၀၆၆၈၇၆ သည် ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှင့် မိသားစုအပေါ် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန် မယူပါ။

ဦးထင်ကျော် ၁၂/ရကန(နိုင်)၀၅၉၂၅၁
ဒေါ်အေးအေး ၁၂/ရကန(နိုင်)၀၁၀၆၅၉

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၃၃၂ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

သွာနုတ္တသမီးဖြစ်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မင်းရွာနေ ဦးမောင်မြ၊ ဒေါ်စန်းရီတို့၏ သမီးဖြစ်သူ မတင်တင်နိုင်၁၂/မဘန(နိုင်)၀၆၈၇၅၅သည် မိအိုဖအိုများကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်ခြင်း၊ အမွေတောင်းခြင်း၊ မမှန်မကန်နည်းဖြင့် ရယူရန်ကြိုးစားခြင်း၊ မောင်နှမများအပေါ် အနိုင်အထက်ပြုမှုခြင်းကြောင့် မိသားတစ်စုလုံး စိတ်ဆင်းရဲကိုယ်ဆင်းရဲနေရပြီး မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏ဆန္ဒအလျောက် သီးခြားနေအိမ်သို့ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေခံသမီးအဖြစ်မှ ပယ်ဖျက်ပြီး သွာနုတ္တသမီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စ အဝဝအားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးလိမ့်မည် မဟုတ်ပါ။

ဦးမောင်မြ၊ဒေါ်စန်းရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ဆွေ(LL.B)
အထက်တန်းရှေ့နေ(၂၂၀၁၀)
ခဃ/၄၂၊(၄) ရပ်ကွက်၊ မှော်ဘီမြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

မြန်မာ့မီးရထား

နှိပ်စိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

Spare Parts for Diesel Electric Locomotives & Diesel Hydraulic Locomotives

1 - Lot

ရဲယိုသီး ဝယ်သည်

ဖုန်း-၆၆၆၄၃၂

သားအဖြစ်မှစွန့်လွှတ်ခြင်း

ပြည်မြို့ ဆံတော်နယ်မြေနေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ပမန(နိုင်)-၁၄၀၈၉၁ ကိုင်ဆောင်သူ မောင်မျိုးသိန်းနိုင်သည် မိဘဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ကြော်ငြာသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

မိခင်-ဒေါ်သိန်းကြည်
PRE-၁၃၅၃၉၈

ဝမ်းနည်းကြောင်းမှတ်တမ်း

Mrs. Olive Pun (ခ) ဒေါ်သိန်းတိုင်

SPA/FMI Group of Companies

ဒေါ်သန်းညွန့်၊ ဦးအေးမင်းနှင့်အများသိစေရန်

ဒေါ်သန်းညွန့်၏ အထူးကိုယ်စားလှယ်(ဂျီပီ)ရရှိသူဆိုသူ ဦးအေးမင်း–၁၂/ကမရ(နိုင်)၀၀၆၃၈၄၏ ၁၉–၇–၂၀၀၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ–၁၈မှကြေညာချက်ပါ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ ၅၀ လမ်း၊ အိမ်အမှတ် ၄၁ ဟုခေါ်တွင်သော နှစ်ခန်းတွဲ၊ ခြောက်ထပ်တိုက် အဆောက်အအုံသစ်သည် ဒေါ်သန်းညွန့်နှင့်ကန်ထရိုက်တာဦးစိုးမောင်တို့ ချုပ်ဆိုသည့် ၁–၁၂–၉၆ရက်စွဲပါ သဘောတူစာချုပ်အရ ဦးစိုးမောင်က ပြီးစီးသည်အထိ ဆောက်လုပ်ခဲ့ပြီး ယင်းအဆောက်အအုံမှ အခန်းခုနစ်ခန်းသည် ဦးစိုးမောင် ပိုင်ဆိုင်သောအခန်းများဖြစ်ကြောင်း ဦးအေးမင်းသိလျက်နှင့် ၎င်းအဆောက်အအုံနှင့်အခန်းများအား ၎င်းတို့လေးဦး၏သဘောတူညီခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း မပြုရန် မမှန်မကန်ကြေညာတားမြစ်ခြင်းကြောင့် ဦးစိုးမောင်နှင့် ဦးစိုးမောင်ထံမှ ၀ယ်ယူခဲ့သူများတွင် များစွာနစ်နာဆုံးရှုံးစေခဲ့ပါသည်။

အထက်ပါအချက်အပြင် လူနေထိုင်ခွင့်လျှောက်လွှာ၌ လက်မှတ်ရေးထိုးရန် ကိစ္စတွင် မမှန်မကန်အကြောင်းပြရှောင်လွှဲနေခြင်းဖြင့်လည်း ဦးစိုးမောင်နှင့်တကွ ၀ယ်ယူနေထိုင်ခွင့်ရှိသူများအား နစ်နာဆုံးရှုံးစေလျက်ရှိပါသည်။

သို့ဖြစ်၍ ဦးအေးမင်းအနေဖြင့် ၁၉–၇–၂၀၀၄ရက် ကြေညာချက်အား တောင်းပန်ရုပ်သိမ်းရန် မြေရှင်အနေနှင့် စည်ပင်လုပ်ထုံးလုပ်နည်းအရဆောင်ရွက်ဖွယ်ကျန်ရှိသည့်ကိစ္စတို့ကို ခုနစ်ရက်အတွင်းဆောင်ရွက်ရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

ဦးစိုးမောင်၏ လွှဲအပ်ချက်အရ–

ဦးတင်အေး
အထက်တန်းရှေ့နေ–စဉ်(၇၉၄၇)
အမှတ် ၂၇(အေ)မြေညီ၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၀န်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

Ruby Dragon Trading Co., Ltd. စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေးဘွဲ့ရနှင့်ဒီပလိုမာလက်မှတ်ရများခန့်ထားရန် အောက်ပါအရည်အချင်းပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၁။ စိုက်ပျိုးရေးဘွဲ့ရ (၁၀)ဦး

၂။ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရ (၁၀)ဦး

(က) လျှောက်ထားသူသည် အသက်(၄၅)နှစ်ထက် မကြီးသူ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး ကျန်းမာသန်စွမ်းသည့်အမျိုးသားဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံပေါ်မူတည်ပြီး အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)

(ခ) လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိပြီး နှစ်ရှည်နှင့်ကြံ/စပါး အတွေ့အကြုံရှိသူများ ဦးစားပေးမည်။

(ဂ) နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အထက်ပါလုပ်ငန်းကို လျှောက်ထားသူသည် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကိုယ်ရေးအချက်အလက်(C.V)၊ ဓာတ်ပုံသုံးပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အောင်လက်မှတ်မိတ္တူ ပူးတွဲ၍ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(က) Ruby Dragon Jade & Gems Co., Ltd.(ရန်ကုန်ရုံးချုပ်)
အမှတ် ၆၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) Ruby Dragon Jade & Gems Co., Ltd. (မန္တလေးရုံးချုပ်)
အမှတ် (တ–၇/စ–၂)၊ ၆၉လမ်းနှင့် သိပ္ပံလမ်းထောင့်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။



လုပ်ငန်းရှင်သုံး
ပလတ်စတစ်ဘူး
(H.D.P.E)

မျိုးစုံကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ပေးပါသည်။

ဖုန်း–၀၉–၅၀၀၀၁၆၀

ကျွန်တော်မကြော်ငြာပါ
အကြောပြင်ပညာဖြင့် မနာကျင်စေဘဲ

* ခါးနာ၊ဒူးနာနှင့်ကျီးပေါင်းတက်သူများ ၁၅မိနစ်အတွင်း သက်သာစေရမည်။

* လက်ကိုက်၊ လက်ကပ်နှင့် အကြောရောဂါမှန်သမျှ အမြန်ဆုံးသက်သာစေရမည်။ **ဦးအေးထွန်း**

၅၇၊ ၄လမ်း၊မာလာမြိုင်၊အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ပါရမီလမ်းမကြီးမှ၀င်ပါ)



ဒေါ်တင်ဝင်းရီ
သိသာရန်

အမှတ် ၃၃၊ ဗိုလ်ရာညွန့်လမ်း၊ ရန်ကုန်မြို့တွင် ယခင်က နေထိုင်ခဲ့သော ဒေါ်တင်ဝင်းရီ အေဘီ/၀၅၇၈၁၄ သိစေရန်မှာ တရားရုံးဒီကရီအရ ဒယ်ချာ–ရန်ကုန်ကုမ္ပဏီသို့ ပေးဆပ်ရန်ကျန်ငွေ ၈၇၀၄၉၈ကျပ်ကို အမြန်ဆုံးလာရောက်ပေးဆပ်ရန် နှိုးဆော်အပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးအုံးမောင်
တရားရုံးချုပ်ရှေ့နေ
အမှတ် ၃၊ ၃၄လမ်း၊ ရန်ကုန်မြို့။

EUROPA International Education Academy
English Language Proficiency Course
အင်္ဂလိပ်စာပေကျွမ်းကျင်မှုသင်တန်းများ

၁၀တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြိုနှင့် ဘွဲ့ရများ၊ နိုင်ငံ့၀န်ထမ်းများ၊ ဆရာ၀န်များ၊ ကုမ္ပဏီ၀န်ထမ်းများနှင့် အင်္ဂလိပ်စာပေကိုကျွမ်းကျင်တတ်မြောက်လိုသူများ တက်ရောက်နိုင်ပါသည်။

Level-1 : Pre-Intermediate Level

Level-2 : Intermediate Level သင်တန်းများကို 4 Skills နှင့် အတူ သင်ကြားမည်။

ရန်ကုန်စင်တာ – အမှတ် ၁၀၀၁၊ ၁၀ ထပ်၊ သံဈေးကွန်ဒိုစင်တာ၊ လမ်းမတော်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၁၂၈၉၇။

သင်တန်းစမည့်ရက် – ၁၈–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့)နှင့် ၂၁–၈–၂၀၀၄(စနေနေ့)

Level-3: Higher Intermediate Level သင်တန်းကို စက်တင်ဘာလဆန်းတွင် စတင်မည်။

မကွေးစင်တာ – အမှတ် ၃၄၀၊ ၂၆ လမ်း၊ ရန်ပယ်ရပ်၊ မကွေးမြို့၊ ဖုန်း–၀၆၃–၂၂၂၂၄။

၁၄–၈–၂၀၀၄ရက်တွင် သင်တန်းစတင်ဖွင့်လှစ်လျက်ရှိပါသည်။
(လစဉ်တန်းခွဲသစ်များရှိပါသည်။)
နိုင်ငံ့၀န်ထမ်းများအတွက် အထူးအစီအစဉ်ရှိပါသည်။
စာရင်းသွင်း စတင်လက်ခံနေပါပြီ။

ဖြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ပဲခူးခရိုင် တရားမရုံး၌
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၄၃

မအိအိမော်	**နှင့်**	၁။ မြတ်မင်းစိုး ၂။ မမိုရင်းထွန်း
တရားလို		**တရားပြိုင်**

ပဲခူးမြို့၊ အမှတ် ၁၆၁၉၊ ဆံတော်တွင်းရပ်နေ မြတ်မင်းစိုး၊ မမိုရင်းထွန်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၂၆၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် စက်တင်ဘာ ၂ ရက်(၁၃၆၆ခုနှစ် ၀ါခေါင်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ဖြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဩဂုတ် ၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မြင့်မြင့်
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။

ဘုရား၊ ကျောင်း ဒါယကာ
ဦးအော်က(ခ)တန်ကုတ်ကျိန်း
(ဘောဂဗလ ဆီစက်နှင့်အထွေထွေရောင်း၀ယ်ရေး)
(မကွေးမြို့)
အသက်(၇၈)နှစ်

မကွေးမြို့၊ မြို့မရပ်၊ ဘုရားလမ်း၊ အမှတ် ၂ နေ (ဦးစစ်ရပ်–ဒေါ်ကျင်မြိုင်)တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဦးထွန်းအောင်လင်း(ထွန်းပြည့်စုံအထွေထွေရောင်း၀ယ်ရေး)–ဒေါ်ဖွေးဖွေး(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမြင့်သိန်း–ဒေါ်ယဉ်ယဉ်(သိန်း–ကုန်မျိုးစုံရောင်း၀ယ်ရေး)၊ ဒေါ်ဘေဘီ(ခ)ဒေါ်မိမိ(မိ–အလှပြင်)၊ ဒေါက်တာတင်တင်လှ(မျက်စိအထူးကုဆရာ၀န်၊ တောင်ငူပြည်သူ့ဆေးရုံ)၊ ဒေါက်တာဦးစိုးလင်း–ဒေါ်သင်းသင်း(ဖြူးမြို့)၊ဦးမောင်မောင်သွင်–ဒေါ်ယဉ်ယဉ်ဆွေ(ဘောဂဗလဆီစက်နှင့်အထွေထွေရောင်း၀ယ်ရေး)၊ ဒေါ်မိုးမိုး(မိ–အလှပြင်)၊ ဦးညီညီလွင်–ဒေါ်ခင်အေးမွန်(ဘောဂဗလ ဆီစက်နှင့်အထွေထွေရောင်း၀ယ်ရေး)၊ ဦး၀င့်သူ–ဒေါ်ခိုင်ခိုင်၀င်း(ဘောဂဗလ ဆီစက်နှင့်အထွေထွေရောင်း၀ယ်ရေး)၊ မကြည်ဇင်ထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂–၈–၂၀၀၄ရက် နံနက် ၆း၁၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄ရက် ညနေ ၃ နာရီတွင် မကွေးမြို့သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစံထူး
အဖွဲ့ခွဲမှူး(ငြိမ်း)
ဆောက်လုပ်ရေး၀န်ကြီးဌာန(၀န်ကြီးရုံး)
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးစောမောင်–ဒေါ်ငွေးမယ်)တို့၏သား၊ (ဦးငွေးအောင်–ဒေါ်ရှုတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ် ၁၂၉၉/၁၃၀၀၊ အခန်း ၀၂၊(မြေညီထပ်)နေ ဒေါ်ကြည်နွဲ့(အထက–၁၊ ပုဇွန်တောင်၊ ငြိမ်း)၏ခင်ပွန်း၊ မောင်အောင်အောင်သန့်(ဆောက်လုပ်ရေး၀န်ကြီးရုံး)၏ဖခင်၊ ဦးအောင်သန်း–ဒေါ်မြမြတို့၏မောင်၊ ဦးမြတ်ကျော်–ဒေါ်ခင်ငွေးရီတို့၏အစ်ကိုသည် ၁၂–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေ၀ေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၇–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီးဒေါ်ရင်မြင့်(စံရိပ်ငြိမ်ဆောင်၊ ပုသိမ်မြို့)၏ ဈာပနကိစ္စအ၀၀တွင် အစစအရာရာ ကူညီပံ့ပိုးအားပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ အားပေးနှစ်သိမ့်ကြသူများ၊ လိုက်ပါပို့ဆောင်ကြသူများ၊ စာ၊ ကြေးနန်း၊ ဖက်စ်၊ တယ်လီဖုန်းများဖြင့် အားပေးပြောကြားသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစောလှိုင်
လက်ထောက်ညွှန်မှူး(ငြိမ်း)
အစိုးရအဖွဲ့ရုံး
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၃၄ နေ (ဦးအိဗျန်–ဒေါ်လှခင်)တို့၏သား၊ ဒေါ်စိန်ရီ၏ခင်ပွန်း၊ ဦးသက်မိုး (မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်)–ဒေါ်ခင်အုံး၀ေ(ဆသရ)၊ ဒေါ်ခင်ခင်ငွေး–ဦးဇော်၀င်းသန်း၊ ဦးတိုးလှိုင်၊ ဒေါ်ခင်ခင်လေး(လ၀က)–ဦးခင်မောင်ငွေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဦးမောင်အေး–ဒေါ်ခင်မိတို့၏ အစ်ကိုသည် ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မ၀ါ၀ါ၀င်း
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၅၂၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးနေ (ဦးသိန်းကြည်)–ဒေါ်အေး၀င်းတို့၏သမီးကြီး၊ (ဦးမျိုးမြင့်)–ဒေါ်စန်းကြည်တို့၏သမီးချွေးမ၊ ကိုထွန်းထွန်းကျော်၏ဇနီး၊ (ကိုအောင်ဆန်းဦး)–မမာမာ၀င်း၊ (ကိုကိုဦး)–မဥမ္မာစိုးတို့၏ညီမ၊ မကြည်ကြည်၀င်း–ကိုမျိုးလှိုင်တို့၏အစ်မ၊ မဆုမြတ်နိုးရတနာ (အထက–၃၊ မတည)၏မိခင်သည် ၁၂–၈–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေ၀ေးအအေးတိုက်မှ ရေ၀ေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးမောင်မောင်
လွှတ်လပ်ရေးမော်ကွန်း၀င် (ဒုတိယဆင့်)
တောင်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ (ဘဏ္ဍာရေးမှူး)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်၊ ပိတောက်လမ်း၊ အမှတ် ၁၁ နေ (ဦးထွန်းစိန်–ဒေါ်စိန်ခင်)တို့၏သား၊ ဒေါ်မေသန်းနွဲ့(ခ)ဒေါ်တာ(ဗိုလ်ချုပ်အောင်ဆန်းဈေး)၏ ခင်ပွန်း၊ (ဦးဦးမြင့်)–ဒေါ်ခင်လှတို့၏ညီ၊ ဦးစောလှအောင်–ဒေါ်ခင်မျိုး၀င်း၊ (ဦးလှကြီး)–ဒေါ်နီနီ၀င်းတို့၏အစ်ကိုကြီး၊ (ဦးဘိုကြီး)–ဒေါ်သန်းအေး၊ ဒေါ်နေနေနိုင်၊ ဦးဇော်၀င်း–ဒေါ်မေသက်ရီ၊ ဦးဇော်မင်း–ဒေါ်ခင်အေးကြွယ်တို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘိုး၊ တူ တူမ ၁၁ ယောက်တို့၏ဘကြီးသည် ၁၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက် နံနက် ၁၀နာရီတွင်ရေ၀ေးအအေးတိုက်မှရေ၀ေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၁၁၁၉(က)၊ရာဇသူရ ၁၅ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်မြကျင်
(ဒေးဒရဲ)
အသက်(၇၈)နှစ်

ဧရာ၀တီတိုင်း၊ ဒေးဒရဲမြို့၊ အမှတ် ၁၈၊ ကမ်းနားလမ်းနေ (ဦးအမိုင်)၏ဇနီး၊ ဦးအေးထွန်း–ဒေါ်ချော၊ ဦးကြည်ထွန်း(ခ)ကိုထိုက်–ဒေါ်အေးအေးကြူ၊ ဦးသိန်းထွန်း၊ (ဦးစိန်ထွန်း)၊ ဦးဟုတ်ဥာဏ်–ဒေါ်သန်းသန်း၀င်း(ခ)မပြုံး၊ ဦးကြည်သိန်း–ဒေါ်ငွေးငွေးရီတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁ လမ်း၊ အမှတ် ၇၄၊ (ပထပ်)နေအိမ်၌ ၁၃–၈–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေ၀ေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပေါက်တောမြို့နယ်အသင်း
ဦးမောင်ကျော်သိန်း
(ပေါက်တောမြို့)
အသက်(၅၄)နှစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အသင်း(ရန်ကုန်)ရာသက်ပန်အသင်း၀င် ဦးကျော်လှဖြူ – ဒေါ်အောင်မဘုံတို့၏သား၊ ဒေါ်အာနီ(ခ)ဒေါ်မစုစိန်၏ခင်ပွန်း၊ ဦးမောင်သောင်း၊ ဒေါ်လေးမြခင်တို့၏အစ်ကိုသည် ၁၂–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၁၄–၈–၂၀၀၄ရက် (စနေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံအအေးတိုက်မှ ရေ၀ေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းတိုက်တည်ရာ ဓညဝတီသာသနာပြုကျောင်းတိုက် ဗဟန်းမှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဒေါက်တာအောင်ချို (B.V.S)
ဒု–ဦးစီးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အသက်(၄၃)နှစ်

မြင်းခြံမြို့နေ ဦးဖေရှိန်–ဒေါ်နွဲ့ရီတို့၏သားကြီး၊ ဦးအောင်လှ–(ဒေါ်သန်းရီ)တို့၏သားသမက်၊ရန်ကုန်မြို့၊ မွေး/ကု ဦးစီးရုံးချုပ်၀င်းနေ ဒေါ်တင်အေး၀င်း(အမက–၅၊ အင်းစိန်)၏ခင်ပွန်း၊ မောင်ဟိန်းထက် (ဆဋ္ဌမတန်း၊ အထက–၂၊ အင်းစိန်)၊ နန်းအိအိလှိုင်တို့၏ဖခင်၊ ဦးအောင်ကို – ဒေါ်သန်းသန်းလွင်၊ ဒေါ်နီနီရှိန်၊ ဦးငြိမ်းဖေ–ဒေါ်စန်းထွေး၊ ဦးမောင်မောင်၀င်း – ဒေါ်သီသီရှိန်၊ ဗိုလ်ကြီးညီညီရှိန်–ဒေါ်နီလာထွန်းတို့၏ အစ်ကိုကြီးသည် ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေ၀ေးအအေးတိုက်မှရေ၀ေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မွေး/ကု ဦးစီးချုပ်၀င်း နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခဲချောင်း (သထုံ)
အသက်(၉၈)နှစ်

ရန်ကုန်မြို့နေ(ဦးကျင်ဗုက်)–ဒေါ်ကျင်ရွှေ၊ မန္တလေးမြို့နေ (ဦးဇော်မင်း)–ဒေါ်အေးရီ၊ ဦးတီဟန်–ဒေါ်သန်းသန်းထွေး၊ ဦးတင်အောင်လှိုင်–ဒေါ်တင်ငွေး၊ (ဦးကျော်ခင်) – ဒေါ်ခင်ငွေးကြင်၊ ဦးဆောင်း–ဒေါ်ခင်မေရီ၊ ရန်ကုန်မြို့နေ ဦးဘရင်လေး–ဒေါ်ခင်မာရီ၊ မန္တလေးမြို့နေ ဦးခင်အောင်–ဒေါ်မာဦး၊ ဦးကျော်စိုး၊ ဦးမျိုးနိုင်–ဒေါ်ကြည်ကြည်ထွေးတို့၏ဖခင်၊ မြေး ၂၅ယောက်၊မြစ် ၁၀ယောက်တို့၏အဘိုး၊ (ဒေါ်မြဖြူ)၊ ဒေါ်သီတာတို့၏ခင်ပွန်းသည် ၁၁–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် လမ်း ၈၀၊ ၁၂ လမ်း၊ ကျုံးထောင့် ၄၉ကွက် နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

စူးစု၀င်း(ခ)ဦးစိုး၀င်း
(မြောင်းမြမြို့)
အသက်(၆၃)နှစ်

မြောင်းမြမြို့၊ဦးဘချိုလမ်း(ဦးအစွန်–ဒေါ်လှိုင်၀က်)တို့၏သား၊ ဟိုပင်မြို့နေ (ဦးဘအုန်း)–ဒေါ်ကြည်ညွန့်တို့၏သားသမက်၊ ဦးအဖေ့–(ဒေါ်ကျင်မြ)၊ ဦးငွေးလှို–ဒေါ်ညွန့်ရှင်၊ ဦးစက်ချင်–(ဒေါ်မြကြည်)တို့၏မောင်၊ ဦးကျော်၀င်း–ဒေါ်ညွန့်ချင်၊ ဒေါ်ယုယုလွင်၊ ဒေါ်ကျင်အေးတို့၏အစ်ကို၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၅)ရပ်ကွက်၊ အိမ်အမှတ် ၁၂၆၊ ရွှေရတနာလမ်းနေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ မောင်စိုးနိုင်ဦး၊ မလွှာကြည်ဖြူ(အလက–၄၊ တောင်ဒဂုံ)၊ မလွှာကြည်အေး၊ မမေသဇင်ထွေးတို့၏ဖခင်၊ တူ တူမ ၁၆ ယောက်တို့၏ဦးလေးသည် ၁၂–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေ၀ေးအအေးတိုက်မှရေ၀ေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စင်သီယာမြသင်း(ခ)
ဒေါ်ခင်သန်းညွန့် (မီးမီး)
အသက်(၅၄)နှစ်

ရန်ကင်းမြို့နယ်နေ ဦးမြသင်း–ဒေါ်မြသွင်တို့၏သမီး၊ မြိုင်ဟေ၀န်အိမ်ရာနေ ဦးကျော်စိန်–(ဒေါ်ကျင်ဥ)တို့၏သမီးချွေးမ၊ သဃ်န်းကျွန်းမြို့နယ်၊ သု၀ဏ္ဏ၊ (၂၅)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ တိုက် N-3/3 နေ ဦးလှအောင်(ကစလ၊ ငြိမ်း၊ ITC၊ ၀င်း မိတ္တူ)၏ဇနီး၊ (ဦးစိုးမြင့်သင်း)၊ ဒေါ်ခင်စောမူ(လ–၂၊ ရန်ကင်း)တို့၏ညီမ၊ မမေလင်းအောင် (ဒုနှစ်၊ သမိုင်း)၊ မောင်ထွန်းလင်းအောင်(1BTEC)၊ မကြည်လင်းအောင်(1BTIT Thanlyin GTC)၊ မနွေးလင်းအောင်(IX-B၊ ထ–၂၊ ဒဂုံ)တို့၏မိခင်သည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃း၁၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေ၀ေးအအေးတိုက်မှ ရေ၀ေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ချို၀င်းစန်း(ခ)ဖိုးကုလား
Toseva Timber Pte., Ltd.
အသက်(၃၂)နှစ်

မော်လမြိုင်မြို့၊ ဒိုင်း၀န်ကွင်းရပ်နေ ရွှေပန်းထိမ်ဆရာကြီး (ဦးအေးသွယ်)–ဒေါ်ကြည်ညွန့်တို့၏မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် ၁၉ (ခြောက်လွှာ၊ ခေါင်းရင်းခန်း)နေ (ဦးမြင့်စန်း) – ဒေါ်လှမြင့်သွယ်တို့၏ သားငယ်၊ (ဦးကိုကို)–ဒေါ်လှကြည်၊ ဦးမင်းလွင်–ဒေါ်လှ၀င်းကြည်၊(ဦးအောင်ခင်)– ဒေါ်ခင်ခင်လှ၊ ဒေါ်ခင်အုန်းနွဲ့(ငါးဦးစီး)၊ ဦးသန်း၀င်း (East Wind)တို့၏တူ၊ မောင်မျိုး၀င်းစန်း–မဇမ်လမ်းကျိန်၊ မောင်စိုးမြင့် – မမေ၀င်းစန်း၊ (မကေသွယ်၀င်းစန်း)တို့၏ ညီ/မောင်၊ တူ တူမ လေးယောက်တို့၏ဦးလေးသည် ၁၂–၈–၂၀၀၄ရက် ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေ၀ေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေး၀န်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ပင်လောင်းမြို့နယ် တီကျစ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစီမံကိန်းတွင် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ၂၀၀၄ ခုနှစ် မကုန်မီ ထုတ်လုပ်မည်

ရန်ကုန် ဩဂုတ် ၁၃

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်ကြည်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များလိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် ကျောက် မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးစိန်တင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရ တင်လှ၊ တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ ပြည်နယ် လျှပ်စစ် အင်ဂျင်နီယာမှူး ဦးကျော်သောင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား စက်ရုံ အစည်းအဝေးခန်းမ၌ **စာမျက်နှာ ၃ ကော်လံ ၁** ☆

အမျိုးသားညီလာခံခေတ္တရပ်နားထားစဉ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုဆွေးနွေး လိုအပ်ချက်များပွင့်ပွင့်လင်းလင်းတင်ပြ၊ လုပ်ငန်းများညှိနှိုင်းဆောင်ရွက် ကော်မရှင်အတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းမှာကြား

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင်စခန်းလုံခြုံရေး၊ ပစ္စည်းများထိန်းသိမ်းရေး၊ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေး၊ လိုအပ်သော အဆောက်အအုံအသစ်များအတွက် ပုံစံ၊ ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ရေးနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးပြီး အမှာစကားပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁** ✳

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင်စခန်း လုံခြုံရေး၊ ပစ္စည်းများ ထိန်းသိမ်းရေး၊ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေး၊ လိုအပ်သော အဆောက်အအုံအသစ်များအတွက် ပုံစံ၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ရေးနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

"နှလုံးသားကို ပညာသင်ကြားခြင်းဆိုတာ မြန်မာနိုင်ငံမှာ ဘယ်နေရာမဆို တွေ့မြင်နိုင်ပါတယ်။ ဒါတွေကို မိဘဆရာတွေ လူကြီးသူမတွေက နေ့စဉ်သင်ကြားပေးနေတာပဲဖြစ်ပါတယ်။ ပြည်သူ့နီတိ၊ (၃၈)ဖြာမင်္ဂလာတရားတော်၊ ဇာတ်နိပါတ်တော်တွေဟာ နှလုံးသားကို ပညာသင်ပေးနေတာတွေဖြစ်ပါတယ်။ အယူအဆတွေ ကွဲပြားနေပေမယ့် နှလုံးသားကို ပညာသင်ကြားပေးခြင်းကတော့ အတူတူပဲ ဖြစ်ပါတယ်။ ကလေးတွေဟာ နောင်တစ်ချိန်မှာ နိုင်ငံတော်ကို ဆက်လက် ဦးဆောင်ကြမယ့် မျိုးဆက်သစ်တွေ၊ နိုင်ငံတော်ရဲ့ အင်အားတွေပဲ ဖြစ်ပါတယ်။ သူတို့ကို ပြုစုပျိုးထောင်ဖို့ စာရေးသူတို့ ဆရာဆရာမတွေမှာ တာဝန်အပြည့်အဝရှိပါတယ်။ ဆရာကောင်း တပည့်ဖြစ်မှ ပန်းကောင်းပန်နိုင်ပါမယ်။ ပြည့်ဝတဲ့ ဆရာစိတ်နဲ့ ကလေးတွေကို ဘက်စုံဖြည့်ဆည်းသင်ကြားပေးမှ၊ လမ်းကြောင်းအမှန်ကို လျှောက်လှမ်းနိုင်အောင်တည့်မတ်ပေးမှ နောင်တစ်ခေတ်ရဲ့ လူချွန်လူကောင်းလေးတွေ ဖြစ်နိုင်ပါမယ်။"

ခွန်ညီစံ၏ **နှလုံးသားကို ပညာသင်ကြားခြင်း**

(ဆောင်းပါး စာ–၁၀)

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တင်သွင်းသောစာတမ်းများအား အလုပ်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်စာတမ်းတင်ပြမည် လုပ်ငန်းကော်မတီရုံးကသဘာပတိအဖွဲ့အားပံ့ပိုးကူညီဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၆** ●